ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါဠိ(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday 14 August 2018 ၉၃၇၈

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ ရယူရန် လွှတ်တော်ကသဘောတူ




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ ချေးယူရန်ကိစ္စကို လွှတ်တော်ကသဘောတူကြောင်း ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် ဆုံးဖြတ်လိုက်သည်။

**စနစ်တကျဆောင်ရွက်လျက်ရှိ**

အဆိုပါချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့သည့် ကျေးရွာရွေးချယ်ရေးကိစ္စ၊ ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းခြင်းကိစ္စ၊ စံချိန်စံညွှန်း အရည်အသွေးပြည့်မီရေးကိစ္စနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းကိစ္စများကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တပ်ဆင်ပေးမည့်စနစ်များ အရည်အသွေးကောင်းမွန်စေရေးအတွက် တင်ဒါခေါ်ယူရာတွင် နိုင်ငံတကာအကြံပေးပညာရှင်များက ညှိနှိုင်းသတ်မှတ်ပြီး တင်ဒါခေါ်ယူခြင်း၊ နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့် ဌာနမှဝန်ထမ်းများပါဝင်သည့်အဖွဲ့က စိစစ်အကဲဖြတ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ နမူနာပစ္စည်းများ စစ်ဆေးခြင်း၊ ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အရည်အသွေး အကဲဖြတ်စိစစ်ခြင်းတို့ကို စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း။

တပ်ဆင်မည့်စနစ်အလိုက် ပြည်သူအချိုးကျထည့်ဝင်ရခြင်းမှာ မိမိပိုင်ပစ္စည်းကဲ့သို့ ခံယူသည့်စိတ်ဓာတ်ရရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

စာမျက်နှာ » ၄

## တိုင်ကြားပေးပို့လာသော မှုးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာမျက်နှာ » ၈၊ ၉

## ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲပြုလုပ်

စာမျက်နှာ » ၁၀





# ကြေးမုံ

## အများပြည်သူအကျိုးပြု နိုင်ငံရေး

လူသည် နိုင်ငံရေးနှင့် မကင်းနိုင်ချေ။ လူသည် နိုင်ငံရေးကို ရှောင်၍ မရချေ။ လူသည် သိလျက်ပင်ဖြစ်စေ၊ မသိလျက်ပင်ဖြစ်စေ နိုင်ငံရေးနှင့် အစဉ်ပင် ဆက်ဆံနေရပေသည်။ ထို့ကြောင့် နိုင်ငံရေး၏အဓိပ္ပာယ်ကို လူတိုင်းသိဖို့ လိုပါသည်။ တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးများကို လေ့လာသုံးသပ် ဆင်ခြင်အပ်ပြီး ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်ကို ဆောင်ရမည်ဖြစ်သည်။ နောင်လာနောက်သားများအား ကောင်းသောအမွေများကို ပေးခဲ့ရမည်ဖြစ်သည်။

နိုင်ငံရေးကို နိုင်ငံရေးသမားများ၏ အလုပ်သက်သက်ဟု ထင်မှတ်ကြပေလိမ့်မည်။ အမှန်တွင် နိုင်ငံရေးသည် ပြည်သူအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စ၊ ပြည်သူအားလုံးလုပ်ဆောင်ရမည့် အလုပ်ဖြစ်သည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံစေတီတော် အလယ်ပစ္စယံတွင် ကျင်းပခဲ့သော ဖဆပလအဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာညီလာခံကြီး၌ “နိုင်ငံရေးဆိုတာ ဘာလဲ”ဟူသော အကြောင်းအရာကို ဗိုလ်ချုပ်အောင်ဆန်းက လေးနက်စွာ ရေးသားဖတ်ကြားခဲ့သည်။

“နိုင်ငံရေးတို့မည်သည် ပြီးဆုံးခြင်းရောက်ပြီဟူ၍ မရှိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ သံသရာ၌ လည်နေရပေ၍ ပဋိစ္စသမုပ္ပာဒ် တရားတော်မြတ်အတိုင်း အကြောင်းနှင့်အကျိုး၊ အတိတ်နှင့်ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့်အနာဂတ် ဆက်စပ်၍ မရပ်မနား ရှည်လျားလှသော ခရီးကို တစ်သွားတည်း သွားနေရပေပြီ။ ဤကဲ့သို့ အကြောင်းတရား၊ အကျိုးတရား အမျိုးအစားများကိုလိုက်၍ ဖြစ်ပျက်နေခြင်းသည်ပင်လျှင် နိုင်ငံရေးဖြစ်၏”ဟူ၍ ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံရေးနှင့်ပတ်သက်၍ အခါအခွင့်ကြုံတိုင်း ကျယ်ကျယ်ပြန့်ပြန့် ပြောကြားလေ့ရှိသည်။ ဩဂုတ်လ ၁၁ ရက်နေ့က မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့သော လူငယ်များစာပေစကားဝိုင်း အခမ်းအနားတွင် “နိုင်ငံရေးဆိုတာ လူတွေအကြောင်းပဲ။ လူသားအချင်းချင်း ဆက်ဆံမှုအကြောင်းပဲ။ လူသားတွေရဲ့ စိတ်နေစိတ်ထား၊ လူသားတွေရဲ့ ဆက်ဆံမှုနဲ့ပတ်သက်လို့ နားမလည်ရင် နိုင်ငံရေးကို ဘယ်တော့မှ အောင်အောင်မြင်မြင်လုပ်လို့မရဘူး။ နိုင်ငံရေးဆိုတာ ပြည်သူလူထုကို အခြေခံရမယ်။ ပြည်သူလူထုကို အခြေမခံတဲ့နိုင်ငံရေးဆိုတာ တကယ်တော့ အများကိုအကျိုးပြုတဲ့ နိုင်ငံရေးမျိုးမဟုတ်နိုင်ဘူး”ဟု ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံရေးသည် မပြီးဆုံးနိုင်သော လူသားများ၏ သံသရာခရီးရှည်ကြီးအတွင်းမှ အရေးကိစ္စအမျိုးမျိုးတို့ ဖြစ်သဖြင့် လူတို့၏အရေးကိစ္စများပင်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့်လည်းကောင်း၊ ပြည်သူလူထုကိုယ်စားအနေဖြင့်လည်းကောင်း ပြည်သူလူထုဘဝကို ထဲထဲဝင်ဝင်လေ့လာကာ အများပြည်သူကောင်းကျိုးကို ဆောင်ရွက်ခြင်းသည်သာ စစ်မှန်သောနိုင်ငံရေးဖြစ်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် သာမက လက်ရှိဖြစ်ပေါ်နေသောအခြေအနေများတွင်ပါ နိုင်ငံရေးကို တလွဲအသုံးချမှု၊ အသုံးပြုမှုများရှိနေသည်ကို မြင်တွေ့နေရသည်။ ထို့ကြောင့် နိုင်ငံရေး၏အဓိပ္ပာယ်၊ အနှစ်သာရနှင့် လုပ်ဆောင်ရမည်များကို ပြည်သူများ နားလည်သိရှိ သဘောပေါက်မိစေရန် လေ့လာမှတ်သားကြရမည်ဖြစ်သည်။ နိုင်ငံရေးကို သိရှိနားလည်နိုင်ရန် အမျိုးသားခေါင်းဆောင်များ၏ ပြောကြားချက်များကို မှတ်သားကြရမည်ဖြစ်သလို စာပေဖတ်ရှုခြင်းဖြင့်လည်း မှတ်သားရယူကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးဆိုသည်မှာ အများထင်သကဲ့သို့ တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံ့အရေးသက်သက်မဟုတ်ဘဲ ပြည်သူအများ၏ အရေးအရာကိစ္စများသာဖြစ်၍ ဖော်ပြပါနိုင်ငံ့ခေါင်းဆောင်များ၏ ရှင်းလင်းဖွင့်ဆိုပြသည့်အတိုင်း ပြည်သူများ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အရေးများကို သုံးသပ်လေ့လာကာ မှန်ကန်သော အများပြည်သူအကျိုးစီးပွားကို ရှေးရှုသည့် နိုင်ငံရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ ကန်ပိုက်တီးနယ်စပ် ဖွံ့ဖြိုးတိုးတက်ရေးဇုန် ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ဟိုတယ်နန်းသီတာရှိ အစည်းအဝေးခန်းမ၌ မြစ်ကြီးနားမြို့ စီးပွားရေးဖွံ့ဖြိုးမှုဇုန် တည်ဆောက်ရေးနှင့် ကန်ပိုက်တီးနယ်စပ် ဖွံ့ဖြိုးတိုးတက်ရေးဇုန် တည်ဆောက်ရေး၊ စီမံကိန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများနှင့် စီမံကိန်းဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြသည့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီးက မြန်မာ-တရုတ် နှစ်နိုင်ငံသည် တောတောင်ရေမြေချင်းထိစပ်လျက်ရှိပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုအများဆုံးပြုလုပ်လျက်ရှိကြောင်း၊ ကန်ပိုက်တီးနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် ကုန်သွယ်မှုရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှု တိုးမြင့်လာကာ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် သယံဇာတကြွယ်ဝပြီး မြေလွတ်မြေရိုင်းများပေါများမှုရှိခြင်းကြောင့် တစ်ဖက်နိုင်ငံမှ ငွေကြေးအရင်းအနှီးနှင့် နည်းပညာများကို ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပါကြောင်း၊ စီးပွားရေးဇုန်များ တည်ဆောက်မည့် ပြည်ပကုမ္ပဏီများအနေဖြင့် နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်ကြောင်း၊ ဥပဒေ၏အကာအကွယ် အပြည့်အဝ ရရှိမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်၏ ကြွယ်ဝသည့်မြေအရင်းအမြစ်၊ ကောင်းမွန်သော ရာသီဥတုအခြေအနေနှင့် အလားအလာကောင်းသည့် ဈေးကွက်စီးပွားရေးအခြေအနေတို့ကို ပေါင်းစပ်ပြီး မြစ်ကြီးနားဒေသအား စီးပွားရေးဖွံ့ဖြိုးရေးဇုန်အဖြစ် တည်ဆောက်မည်ဖြစ်ပြီး ဇုန်အတွင်း စက်မှုထုတ်ကုန်ကဏ္ဍကို လယ်ယာစိုက်ပျိုးမွေးမြူရေးအပိုင်းအဓိကထား၍ တန်ဖိုးမြှင့်အချောကိုင်လုပ်ငန်းများဖြစ်သော စက်မှုကုန်ထုတ်လုပ်ခြင်း၊ လယ်ယာထွက်ကုန်ထုတ်လုပ်ခြင်း၊ ခေတ်မီဆောက်လုပ်ရေးပစ္စည်းများ အသေးစားစက်မှုကုန်ထုတ်လုပ်ခြင်း၊ ခရီးသွားကုန်စည်သယ်ယူ ပို့ဆောင်ခြင်းများပါဝင်ခြင်းကြောင့် ဒေသနှစ်ခု၏ ဈေးကွက်အရင်းအမြစ်များကို အကျိုးရှိစွာ ပေါင်းဆပ်နိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စီးပွားရေးဇုန်များ တည်ဆောက်ရေးအဖွဲ့များက တည်ဆောက်မည့် အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၈-၂၀၁၉ ခုနှစ်၏ ဒုတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို စက်တင်ဘာ ၁၀ ရက်၌ စတင်ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၁၀၀၃၅၆၀ နှင့် ၀၉-၂၅၀၁၃၀၃၄၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်း၊ လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သောသင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအသင်း စကားဝိုင်းဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၃**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအသင်း(AUAA) ရန်ကုန်ရုံးခွဲက စီစဉ်သည့် စကားဝိုင်းဆွေးနွေးပွဲကို “မျိုးစစ်ပျိုးမှန်ရရှိရန် ပူးပေါင်းဆောင်ရွက်တောင်သူအတွက်” ခေါင်းစဉ်ဖြင့် ဩဂုတ် ၁၈ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီခွဲထိ ရန်ကုန်မြို့ ကြို့ကုန်း မျိုးစေ့ခန်းမ၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဒေါက်တာထွန်းရွှေ (ညွှန်ကြားရေးမှူး၊ DAR)၊ ဦးသက်ဇင်မောင်(ညွှန်ကြားရေးမှူး၊ မျိုးစေ့ဌာန DOA)၊ ဦးစိန်အောင် (လက်ထောက်ညွှန်ကြားရေးမှူး၊ DOA)၊ ဦးဝင်းမော်(B.Ag တောင်သူ)၊ ဒေါ်သိန်းသိန်းအောင်၊ မဇင်မာကျော်(လယ်ယာ၊ စီးပွားလုပ်ငန်းရှင်)တို့က ရှုထောင့်အသီးသီးမှ ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၃**

ရန်ကုန်(ရွှေဈေး) ၉၅၀၀၀၀ - ၉၅၀၀၀၀ မန္တလေး(ရွှေဈေး) ၉၅၀၀၀၀ - ၉၅၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၅ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀/၁၀၃၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၅၅/၉၈၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၅ ကျပ်၊ | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၇ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၀/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၄၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၄. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃. ၃၂၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၃. ၁၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၇၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၀၈. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၆၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၁. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၀. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

❂ ရှေ့ဖုံးမှ

ထည့်ဝင်စေရခြင်းဖြစ်ပါကြောင်း၊ အချိုးကျထည့်ဝင်ငွေမတတ်နိုင်သည့် ပြည်သူများအတွက်လည်း ကမ္ဘာ့ဘဏ်အပါအဝင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ သင့်တော်မည့်နည်းလမ်းများ ရှာဖွေပြီး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အသေးစားဓာတ်အားပေးစနစ်လုပ်ငန်းသည် လုပ်ငန်းမဆောင်ရွက်မီ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူနှင့် ကျေးရွာပြည်သူလူထုတို့ အကြိုညှိနှိုင်းဆွေးနွေးပြီး ကျေးရွာမှတတ်နိုင်မှသာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံသူနှင့် ဒေသခံပြည်သူများ သဘောတူညီမှုဖြင့် ဆောင်ရွက်သည့်လုပ်ငန်းဖြစ်ပါကြောင်း။

## ချေးငွေယူရှိ သန်း ၃၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၈ နှစ်၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ်ဖြစ်

အီတလီအစိုးရအနေဖြင့် မြန်မာနိုင်ငံ၌ လိုအပ်ချက်ရှိနေဆဲဖြစ်သည့် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးဆောင်ရွက်ချက်များကို ကူညီပံ့ပိုးပေးနိုင်ရန် မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသောကျေးရွာများ၌ အကြိုလျှပ်စစ်မီးရရှိရေးစနစ်ဖြင့် ဆောင်ရွက်မှုပုံစံ အကောင်အထည်ဖော်နိုင်ရေး ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ သက်သာသောချေးငွေပေးအပ်ခြင်းဖြစ်ပါကြောင်း၊ ချေးငွေများဖြင့် လျှပ်စစ်မီး လက်လှမ်းမီမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှကျေးရွာများတွင် ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ချေးငွေယူရှိ သန်း ၃၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလ ၁၈ နှစ်၊ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ်ဖြစ်ပါကြောင်း၊ ၂၀၃၆-၂၀၃၇ ဘဏ္ဍာရေးနှစ်မှစပြီး တစ်နှစ်လျှင် ယူရို သုံးသန်းနှုန်းဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ရမည့် ငွေပမာဏကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းတွင် နှစ်အလိုက် ထည့်သွင်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်တို့၏ အတည်ပြုခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားရရှိရန် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ လက်ရှိကာလတွင် တစ်နိုင်ငံလုံးပြည်သူများ၏ ၄၁ ရာခိုင်နှုန်းမှာ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေပြီဖြစ်ပါကြောင်း၊ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများတွင်နေထိုင်သည့် ပြည်သူလူထုများအတွက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် အခြေအနေအရ မဟာဓာတ်အားလိုင်းကို တည်ဆောက်ရန်ခက်ခဲခြင်း၊ ကြန့်ကြာခြင်းများ ရင်ဆိုင်ရသည့်အတွက် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား မရနိုင်သေးပါကြောင်း၊ အဆိုပါဒေသများတွင် နေထိုင်ကြသည့်ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမရှိသော သီးခြား Mini Grid များကို တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားရရှိရန် ချေးငွေများရယူပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် နိုင်ငံအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသနေပြည်သူလူထုများ လျင်မြန်စွာ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ရည်ရွယ်ချက်ကောင်းသည့် လုပ်ငန်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အီတလီနိုင်ငံမှ အတိုးမဲ့ချေးငွေယူရိုသန်း ၃၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ချေးငွေရယူခြင်း၊ သုံးစွဲခြင်း၊ ပြန်လည်ပေးဆပ်ခြင်းများအတွက် ချေးငွေစာချုပ်ချုပ်ဆိုချိန်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အီတလီနိုင်ငံကိုယ်စားလှယ်တို့ ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးထားသည့်အတိုင်း ပစ္စည်းဝယ်ယူမှု စည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်



မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်တွင် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းသည် လက်ရှိမြန်မာနိုင်ငံ ငွေလဲနှုန်းနှင့်တွက်ချက်လျှင် မြန်မာကျပ်ငွေ ၅၉ ဘီလီယံခန့်ရှိပါကြောင်း။

ချေးငွေရယူခြင်း၏ ရည်ရွယ်ချက်သည် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေပြီး စိုက်ပျိုးစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို အကောင်အထည်ဖော်ပေးမည်ဖြစ်သည့်အတွက် ထိထိရောက်ရောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် ရလဒ်ကောင်းများ ရရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ကုန်ကျစရိတ်နှင့် လိုက်လျောညီထွေရှိမည့် အကျိုးသက်ရောက်မှုရရှိစေမည်ဖြစ်ပါကြောင်း၊ ချေးငွေရယူခြင်း၏ ရည်မှန်းချက်တွင်ပါဝင်သည့် Value Added (တန်ဖိုးမြှင့်ထုတ်ကုန်)ဖြစ်စေရေးကိုလည်း အရှိန်အဟုန်မြင့်မားစွာဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာနှင့် အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရေးမှာ လိုအပ်လျက်ရှိပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာခြင်း၊ ပြည်ပသွင်းကုန်အစားထိုးသုံးစွဲလာနိုင်ခြင်း၊ ကုန်သွယ်ရေးလိုငွေပြမှု လျော့နည်းလာခြင်း၊ နိုင်ငံတကာ ဈေးကွက်ဝေစုများ ရလာခြင်းနှင့်အတူ စိုက်ပျိုးထုတ်ကုန်များအား ဝယ်နေကျနိုင်ငံများမှ မဝယ်ယူသည့်အခါ ဈေးကွက်ပျက်ခြင်း၊ တောင်သူများ အရှုံးပေါ်ခြင်းတို့ကို ကာကွယ်နိုင်ခြင်းနှင့်အတူ ငွေလဲနှုန်း မတည်မငြိမ်ဖြစ်မှုကိုလည်း အထိုက်အလျောက် ဖြေရှင်းစေနိုင်မည်ဖြစ်သည့်အတွက် များပြားစွာသော အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းချေးငွေသည် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်သော စိုက်ပျိုးရေး၊ စီးပွားရေးဆိုင်ရာ တန်ဖိုးကွင်းဆက်များရှိ အရေးကြီးသော အဆောက်အအုံများ ပိုမိုကောင်းမွန်တိုးတက်စေရန် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအတွက် ယခုစီမံကိန်းသည် ဆောင်ရွက်သင့်သော စီမံကိန်းဖြစ်ပြီး ထိရောက်စွာအကျိုးရှိလာမည်ဖြစ်သည့်အတွက် သဘောတူပါကြောင်း။

စီမံကိန်းနှင့်စပ်လျဉ်းပြီး အကြံပြုလိုသည်မှာ စီမံကိန်းဆောင်ရွက်မည့် မြို့နယ်အလိုက်၊ အုပ်စုအလိုက် သီးနှံအထွက်တိုးရေး ရှေ့တန်းကွပ်ကဲရေးစခန်းများကို ပြန်လည်ပြုပြင်အားဖြည့်ပြီး ဘက်စုံကြီးကြပ်ကွပ်ကဲရေးရုံးအဖြစ် ဆောင်ရွက်စေလိုပါကြောင်း၊ အဆိုပါရှေ့တန်းစခန်းရုံးများတွင် အာမခံရှိသော အရည်အသွေးကောင်း စိုက်ပျိုးရေးပစ္စည်းများ တစ်ပါတည်းရောင်းချရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ သီးနှံအလိုက် တစ်လတစ်ကြိမ် တောင်သူလယ်သမား နည်းပညာ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ဒေသ၊ ရာသီဥတုနှင့် ကိုက်ညီသည့် ခံနိုင်ရည်ရှိသော မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းကို မြို့နယ်ခြံများတွင် ဦးစားပေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထွက်ရှိလာသော မျိုးများကိုလည်း စီးပွားဖြစ်မျိုးထုတ်လုပ်ရေးအထိ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် မျိုးစေ့ထုတ်လုပ်မှုခြံများကို ရည်မှန်းချက်ရရှိရေးအတွက် သုတေသနဘတ်ဂျက်များကိုလည်း လုံလုံလောက်လောက်ချမှတ်ပေးစေလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်က ယခုချေးငွေဖြင့် အဆင့်မြှင့်တင်မည့် မျိုးစေ့ခြံ ၁၀ ခုစာရင်း၊ ပြုပြင်မည့် တူးမြောင်းလက်တံများ၊ ရေကန်၊ ရေလှောင်တမံ ၁၅ ခုတို့၏ တည်နေရာ၊ ကုန်ထုတ်လမ်းများ၏ စာရင်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြပေးစေလိုကြောင်း၊ ရေစီမံခန့်ခွဲရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၏ လုပ်ငန်းလည်ပတ်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် စီမံကိန်းဧရိယာရှိ ရေအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဆိုပါအဖွဲ့များအား သင်တန်းပို့ချပေးခြင်းတို့နှင့်စပ်လျဉ်း၍ သင်တန်းဖွင့်မည့်ဒေသ၊ သင်တန်းကာလ၊ သင်တန်းသားဦးရေ၊ သင်တန်းဖွင့်လှစ်မည့်အကြိမ်ရေတို့ကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် စီစဉ်ဆောင်ရွက်ပေးနိုင်ပါက ပိုမိုသင့်လျော်ကောင်းမွန်မည်ဖြစ်ပါကြောင်း။

ယခုချေးယူမည့်ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်းသည် ရည်ရွယ်ချက်ကောင်းပြီး ရလဒ်ကောင်းများကို မျှော်လင့်နိုင်ရုံမျှမက အတိုးနှုန်း ပမာဏမှာလည်း သင့်လျော်သည့်အတွက် ချေးယူသင့်သည့် ချေးငွေဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အောင်မြင်ထိရောက်အောင် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကို အဓိကထားနေရသော မိမိတို့မြန်မာနိုင်ငံအနေဖြင့် ပြည်သူလူထုအများစုကို အကျိုးပြုမည့် စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ချေးငွေနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်မရှိပါကြောင်း ဆွေးနွေးသည်။

အလားတူ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်လွင်အောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင်၊ စဥ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်နှင့် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်တို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

## ဘီးလင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**(မိုး/ဇလ)**

## ပေါင်မြို့နယ်အတွင်း ထူးကဲဒီရေကြောင့် နေအိမ်ပျက်စီးခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းပေးအပ်



**နေပြည်တော် ဩဂုတ် ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာအုပ်စု တောင်ပိုင်းကျေးရွာ၌ ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီခန့်တွင် ပင်လယ်ဒီရေထူးကဲစွာမြင့်တက်လာပြီး အဆိုပါဒီရေ၏အရှိန်ကြောင့် ပင်လယ်ကမ်းစပ်အနီးတွင်ရှိသော လူနေအိမ် ၃၇ လုံး ပြိုကျပျက်စီးခဲ့ရာ အိမ်ထောင်စု ၃၇ စုမှ လူဦးရေ ၁၈၈ ဦးတို့ကို ဘုန်းကြီးကျောင်းနှင့် ၎င်းတို့ ဆွေမျိုးများနေအိမ်သို့ ခေတ္တပြောင်းရွှေ့ပေးထားရကြောင်း သိရသည်။

### သွားရောက်ထောက်ပံ့

အဆိုပါနေအိမ် ၃၇ လုံးအတွက် အိမ်တစ်လုံးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ကျပ် ၃၇ သိန်းအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆန်ရိက္ခာဖိုးငွေများ စုစုပေါင်း ၅၂၉၁၈၆၁ ကျပ်ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးနှင့် သထုံခရိုင်ဦးစီးမှူးရုံးတို့က ယနေ့ နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့ပေးခဲ့ပြီး လိုအပ်သည်များ ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၃**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော လွှတ်တော်ကိုယ်စား လှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းတို့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စု လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ ဖော်ဆောင်သောလုပ်ငန်းများတွင် ကုလသမဂ္ဂ၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင် ရွက်ရေးကော်မတီ၏ အကြံပြုချက်များ အကောင်အထည်ဖော်ရာတွင် ကုလ သမဂ္ဂ၏ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Hilton Hotel ၌ ကျင်းပရာ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန် ရှိသူများ၊ ကုလသမဂ္ဂကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင် အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင် အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေဖြင့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် မစ္စတာကိုဖီအာနန် ဦးဆောင် သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တို့၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ တစ်နှစ်နီးပါး ရှိနေပြီဖြစ်ပါ ကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် ၈၈ ချက် အနက် အချက် ၈၀ ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒ၊ တည်ဆဲဥပဒေများနှင့်အညီ တည်ငြိမ်အေးချမ်းရေးကို အလေးထားပြီး ကြိုးစားဆောင်ရွက်နေပါကြောင်း၊ အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများ အောင်မြင်ရန်အတွက် အရေးကြီးဆုံးအချက်မှာ တည်ငြိမ်အေးချမ်းမှု ရှိရေး ပင်ဖြစ်ပါကြောင်း၊ ကော်မတီ၏ အကြံပြုချက်အများစုသည် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးနှင့် လူမှုသဟဇာတဖြစ်ရေးကို ဦးတည်ပါကြောင်း။

အေးချမ်းတည်ငြိမ်ရေးအတွက် တရားဥပဒေစိုးမိုးရေးသည် အရေးကြီး သည့်အချက် ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်အတွက် လုံခြုံရေးကဏ္ဍတွင် ပြည်သူပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစဉ် အဆင့်မြှင့်တင်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့များအနေဖြင့် နိုင်ငံတကာ၏ အလေ့ အထကောင်းများ၊ စံနှုန်းများနှင့်အညီ တရားဥပဒေစိုးမိုးရေးမြှင့်တင်မှုကို လုံခြုံ ရေးတပ်ဖွဲ့များ ပိုမိုနားလည်လာစေရန် ထောက်ပံ့ပေးသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ရေး ဆောင်ရွက်မှုတွင်လည်း အကြံဉာဏ်များနှင့် အကူအညီများပေးစေလိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပြန်လည်ပေါင်းစည်းရေး၊ ငြိမ်းချမ်းရေး၊ အေးချမ်း တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြေရှင်းရန်အတွက် ပြည်တွင်း လုပ်ငန်း၏ အခန်းကဏ္ဍတစ်ရပ်အဖြစ် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

ဒုက္ခသည်များအား ပြန်လည်ခေါ်ဆောင်ရေးအတွက် မြန်မာနိုင်ငံနှင့် UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အစည်းအဝေးများကျင်းပကာ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းဆောင်ရွက် ခဲ့ပါကြောင်း၊ ပြန်လည်ဝင်ရောက်လာသူများအား နှစ်နိုင်ငံသဘောတူညီချက် အတိုင်း ပြန်လည်နေရာချထားရန် ဆောင်ရွက်နေပါကြောင်း၊ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ရေရှည်တည်မြဲမည့်အဖြေရရှိရေး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အကြံပြုချက်များထဲမှ တိုင်းပြည် အတွက် အကျိုးရှိမည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း။

ကုလသမဂ္ဂအဖွဲ့နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ရခိုင် ပြည်နယ်နှင့်ပတ်သက်၍ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းများအပေါ် ပူးပေါင်းဆောင် ရွက်ရန် ပြောကြားလိုပါကြောင်း၊ ဒီကနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ထိရောက်သည့် ရလဒ်များထွက်ပေါ်လာစေဖို့ မျှော်လင့်ပါကြောင်း၊ အကောင်း ဆုံးဖြစ်စေဖို့ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ သက်ဆိုင်ရာကဏ္ဍ များအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) နှင့် မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)အတွက် အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့ရှိ National Humanitarian Fundraising For Myanmar (NHFFM)က အလှူငွေ အမေရိကန်ဒေါ်လာ ၂၀၀၀၀ နှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေး သင့်ဒေသများအတွက် ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းမိသားစုများနှင့် ထိုင်းနိုင်ငံရောက်စေတနာ ရှင် မြန်မာလုပ်ငန်းရှင်အချို့က အလှူငွေ ထိုင်းဘတ် ၇၄၂၀၀၀ ကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က လည်းကောင်း။

ချယ်ရီမေတ္တာဖောင်ဒေးရှင်းက အလှူငွေကျပ် သိန်း ၁၅၀ ကို ဒုတိယဥက္ကဋ္ဌ ဦးစိုးထွန်းဇော်က လည်းကောင်း၊ National Energy Puma Aviation Services(NEPAS) က အလှူငွေကျပ် သိန်း ၂၀၀ ကို စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသန့်စင်နှင့်အဖွဲ့က လည်းကောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင် စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ရှားမှုအစီအစဉ်များတွင် လူငယ်များ စိတ်ဝင်တစားပါဝင်ကြ



ဒေါက်တာမြသီတာ

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် ပါဝင်ကျင်းပလျက်ရှိသည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအစီအစဉ်များတွင် လူငယ်များ စိတ်ဝင်တစား ပါဝင်ကြကြောင်း သိရသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှု အစီအစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်ကျင်းပလျက်ရှိပြီး မန္တလေးတက္ကသိုလ်ရှိ အင်း၀ (၉)အဆောင်၌ တေးသံရှင် ဆူမိုနှင့် မသဇင်သီရိခေတ်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

ထို့ပြင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး အသိပညာပေး လှုပ်ရှားမှု အစီအစဉ်များတွင် ပြဇာတ်၊ Documentary နှင့် စကားဝိုင်းများကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။



အဆိုပါ အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက "ဒီပွဲတော်မှာ ကျွန်မတို့ အသင်းရဲ့ ပြခန်းတွေ ရှိပါတယ်။ ပြခန်းတွေမှာ ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေနဲ့ အသိပညာပေးတာမျိုးလည်းပါတယ်။ ပြီးတော့ လာတဲ့လူငယ်တွေအကုန်လုံး သူတို့ကိုယ်တိုင် ပါဝင်ပြီး သူတို့ကိုယ်တိုင်လေ့လာ၊ လေ့လာပြီးတဲ့အခါမှာ သူတို့သိချင်တာတွေ မေးမြန်းပါတယ်။ ကျွန်မတို့က လူငယ်တွေသိချင်တာတွေကို ဖြေကြားပေးတယ်။ အမေး၊ အဖြေပေါ့။ ဒီလို အမေး၊ အဖြေမှာပါဝင်တဲ့ ကလေးတွေကို အမှတ်တရလက်ဆောင်ပစ္စည်းလေးတွေ ပြန်ပြီးပေးပါတယ်။

"အသိပညာပေးလုပ်ငန်းမှာ ပြည်သူလူထုနဲ့ လူငယ်တွေ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲလို့ရအောင် ဖြစ်ပါတယ်။ ဒါကတော့ လုပ်ဆောင်ချက်တစ်ခု ဖြစ်ပါတယ်။ ပွဲတော်အတွင်း အင်း၀ (၉) အဆောင်မှာလုပ်တဲ့ စကားဝိုင်းတွေမှာ လူငယ်တွေကို ပါဝင်ဆွေးနွေးစေချင်ပါတယ်။

"ပြီးတော့ ပဟေဠိ အစီအစဉ်ကိုလည်း လုပ်ပါတယ်။ ဒီအစီအစဉ်မှာ ကျွန်မတို့ အပိုင်း သုံးပိုင်း မေးပါတယ်။ ပထမတစ်ပိုင်းကတော့ ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာကို ဖော်ညွှန်းတဲ့ စကားပုံလေးတွေ၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်ဖို့ ရုပ်ပိုင်းဆိုင်ရာနဲ့ပတ်သက်တာ၊ အိမ်ထောင်ရေးရာနဲ့ပတ်သက်တဲ့ မှတ်သားလေ့ မှတ်သားထိုက်တဲ့ စကားပုံလေးတွေ မေးပါတယ်။ ဒုတိယပိုင်းကတော့ မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်လို့ သိသင့်တာ ဘယ်လောက်ရသွားလဲဆိုတာကို သိဖို့ မေးခွန်းလေးတွေ မေးပါတယ်။ ဖြေနိုင်တဲ့ ကလေးတွေကို ပထမဆု ငွေကျပ် တစ်သိန်းခွဲ၊ ဒုတိယဆု ငွေကျပ် တစ်သိန်းနဲ့ တတိယဆု ငွေကျပ် ငါးသောင်း ချီးမြှင့်ပါတယ်။ ပြည်သူလူထုကိုယ်တိုင်ပါဝင်မှပဲ အောင်မြင်မှာ ဖြစ်ပါတယ်။ မျိုးဆက်ပွားပညာရပ်တွေကို နားလည်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့အသင်းက သူတို့ကိုယ်တိုင်ပါဝင်ဖို့အတွက် နည်းလမ်းတွေနဲ့ ပြခန်းတွေ ပါဝင်ပြသပါတယ်။

ပြီးတော့ အဆိုတော် ဆူမိုနှင့် မသဇင်သီရိခေတ်ကနေပြီးတော့ ကျွန်မတို့အသင်းအကြောင်း၊ ရင်ခွင်မဲ့ကလေးငယ်တွေအကြောင်း၊ မိခင်တွေအကြောင်း သီဖွဲ့ထားတဲ့ သီချင်းလေးတွေကို ဖျော်ဖြေပါတယ်။ ကျွန်မတို့ အင်း၀(၉) အဆောင်မှာရယ်၊ မြန်မာ့အသံက ဖျော်ဖြေတင်ဆက်တဲ့ ဂုဏ်ပြုတီးဝိုင်းနဲ့ ဘွဲ့နှင်းသဘင်ခန်းမ သုံးနေရာမှာ နေ့တိုင်း ဖျော်ဖြေပါတယ်"ဟု ပြောကြားသည်။

**အောင်မင်းဟန်**

# လူငယ်များ စာဖတ်အားမြင့်တက်လာစေရန် One Stop Station စာအုပ်ဆိုင်များ မန္တလေးမြို့တွင် ဖွင့်လှစ်ပေးရန် လိုအပ်

**မန္တလေး ဩဂုတ် ၁၃**

လက်ရှိအချိန်တွင် မန္တလေးမြို့ရှိ လူငယ်များမှာ စာအုပ်စာပေ ဝယ်ယူဖတ်ရှုနိုင်ရန် အခက်အခဲဖြစ်နေသည့်အတွက် စာဖတ်အားမြင့်တက်လာစေရန် ရန်ကုန်မြို့ရှိ Book ပလာဇာကဲ့သို့ မန္တလေးမြို့တွင်လည်း One Stop Station စာအုပ်ဆိုင်များ ဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း စာရေးဆရာ ချစ်ဦးညိုက ပြောသည်။



လူငယ်များ စာဖတ်မှုနည်းပါးခြင်းမှာ စာအုပ်၊ စာပေ လွယ်ကူစွာ ဝယ်ယူဖတ်ရှုနိုင်ရန် စာအုပ်အရောင်းဆိုင်များ မရှိခြင်း၊ ရှာဖွေဝယ်ယူရခြင်းနှင့် ယခင်ရှိခဲ့သည့် စာအုပ်အငှားဆိုင်များ ပျောက်ကွယ်သွားခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

"အရင်တုန်းက စာအုပ်အငှားဆိုင်တွေ ရှိပေမယ့် အခုမရှိတော့ လူငယ်တွေက စာအုပ်ကို ဘယ်မှာသွားရှာရမလဲမသိဘူး ဖြစ်နေတယ်။ သူတို့က စာအုပ်ဖတ်ချင်တယ်။ ငွေကြေးလည်း အထိုက်အလျောက် သုံးနိုင်တယ်။ ဒါပေမယ့် ဘယ်နေရာမှာ ရှာရမလဲမသိဘူး။ စာအုပ်အရောင်းဆိုင်တွေရှိပေမယ့် တကူးတက လာဝယ်နေရတယ်။ ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ One Stop Station စာအုပ်ဆိုင်တွေ များများဖွင့်နိုင်ဖို့လိုတယ်။ စာအုပ်ဝယ်ဖို့၊ စာအုပ်ရဖို့၊ စာအုပ်ဖတ်ဖို့အတွက် အခြေအနေတွေကို လူကြီးတွေက ဖန်တီးပေးရမယ်"ဟု ၎င်းက ပြောကြားသည်။

ယင်းကဲ့သို့ One Stop Station စာအုပ်ဆိုင်များ ဖွင့်လှစ်ပေးခြင်းအပြင် အဆိုပါနေရာများတွင် လူငယ်အချင်းချင်း စာပေဆွေးနွေးပွဲများနှင့် စာရေးဆရာများကို ဖိတ်ခေါ်၍ ၎င်းတို့နှင့်ပြုလုပ်သည့် စာပေစကားဝိုင်းများကိုလည်း ဆောင်ရွက်ပေးသင့်ကြောင်း သိရသည်။

"ဒီလို အခြေအနေမျိုးတွေ ဖန်တီးပေးနိုင်ရင် စာဖတ်အားတွေလည်း ပိုတက်လာမယ်လို့ ထင်တယ်။ စာဖတ်အား တက်လာသလို တစ်ဖက်က စာဖတ်ခြင်းကို အချိန်ပေးပြီးတော့ ဖုန်းကြည့်တာ၊ ဂိမ်းဆော့တာတွေ လျော့သွားမယ်။ လူငယ်တွေအနေနဲ့ စိတ်ဝင်စားမှုနဲ့ လှုပ်ရှားမှုတွေများလာမယ်။ အမှန်က သက်ဆိုင်ရာတာဝန်ရှိသူတွေဘက်က လှုပ်ရှားမှုနည်းနေတယ်။ တစ်ပိုင်တစ်နိုင်လှုပ်ရှားမှုတွေ လုပ်ပေးနိုင်ရန် အများကြီးပိုကောင်းလာမယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

လက်ရှိတွင် လူငယ်များအနေဖြင့် ရသစာပေ ဖတ်ရှုခြင်းကိုလည်း အားနည်းနေသေးသည့်အတွက် ယင်းစာပေများကို ဖတ်ရှုရန် လိုအပ်ကြောင်းနှင့် ရန်ကုန်မြို့နှင့် နှိုင်းယှဉ်ပါက မန္တလေးမြို့တွင် စာအုပ်စာပေ ဖတ်ရှုလိုသူ ပိုမိုများပြားကြောင်းကို ပွဲတော်များတွင် စာအုပ်ရောင်းချမှုဖြင့် သိရှိနိုင်ကြောင်း လင်းလွန်းအိမ် စာပေတိုက်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့် ဖျော်ဖြေ

**မန္တလေး ဩဂုတ် ၁၃**

မန္တလေးမြို့တွင် ကျင်းပလျက်ရှိသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့် ဖျော်ဖြေရာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

တေးဂီတ ဖျော်ဖြေပွဲတွင် ဧည့်သည်အဆိုတော်များ ဖြစ်ကြသည့် ဂျေမောင်မောင်၊ မီမီဝင်းဖေ၊ အောင်ထက်၊ တက္ကသိုလ်လဲ့လဲ့နှင့် ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ ဖြူလှ၊ စပေါင်၊ မေသဇင်၊ ဇင်သူဇာထွန်း၊ Aဒေး၊ ဖုန်းဝေသွင်၊ Rဝါလင်း၊ လင်းသစ်၊ စလားတို့ ပါဝင်ဖျော်ဖြေခဲ့ကြသည်။

အဆိုပါဖျော်ဖြေပွဲသို့ မန္တလေးတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများနှင့် ကလေးငယ်များ အပါအဝင် ဒေသခံမိဘပြည်သူများ ပျော်ပျော်ပါးပါး လာရောက်ကြည့်ရှုကြပြီး လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**အောင်မင်းဟန်**



ကြေးမုံ



# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးသူများနှင့် စာရေးဆရာကြီးများ၏ သုံးသပ်အကြံပြုချက်များ

**မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ အထူးစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ပွဲတော်ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးသူများနှင့် စာရေးဆရာကြီးများ၏ သုံးသပ်အကြံပြုချက်များကို ဖော်ပြလိုက်ပါသည်-**



ဒေါက်တာဇော်မြင့်မောင်



စာရေးဆရာ ချစ်ဦးညို



စာရေးဆရာ ညီပုလေး



စာရေးဆရာ စိုးနိုင်(မန္တလေးတက္ကသိုလ်)

**ဒေါက်တာဇော်မြင့်မောင်**
**(ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

"ဒီပွဲကို သီးသန့်လာအားပေးတာပါ။ အတော်အောင်မြင်ပါတယ်။ အတော်လည်း စည်ကားပါတယ်။ လူငယ်တွေ စာအပြင် ဗလငါးတန်ဖွံ့ဖြိုးဖို့ကလည်း အရေးကြီးပါတယ်။ ဒီပွဲရဲ့အဓိကရည်ရွယ်ချက်က အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုးအပါအဝင် ဗလငါးတန်ဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂတို့ကို မြှင့်တင်ပေးနိုင်ဖို့နဲ့ အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို လူငယ်တွေရဲ့ အတွေ့အကြုံကောင်းတွေနဲ့ တည်ဆောက်အကောင်အထည်ဖော်နိုင်ဖို့ဆိုတဲ့ အရာတွေပါပဲ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားထားတာရှိတယ်။ လူငယ်တွေ ဘက်စုံဖွံ့ဖြိုးဖို့ဆိုတာ အားလုံးမှာ တာဝန်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့အစိုးရအဖွဲ့ရော၊ မိဘအုပ်ထိန်းသူတွေရော၊ အခြားသက်ဆိုင်တဲ့သူတွေပါ ပူးပေါင်းပါဝင်ဖို့ အရေးကြီးတယ်။"

**စာရေးဆရာ ချစ်ဦးညို**

"အခုလုပ်နေတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဟာ တစ်နှစ်က ရန်ကုန်မှာလုပ်တဲ့ ပွဲတော်ထက်ပိုပြီး စည်ကားတာတွေ့ရတယ်။ ဧရိယာပိုပြီးကျယ်ဝန်းတာကြောင့်လည်း ပါမယ်ထင်တယ်။ အမျိုးအမည်တွေလည်း စုံတယ်။ ဖျော်ဖြေရေး၊ အားကစား၊ ပြခန်းတွေ စုံလင်တယ်။ ဒီပွဲတော်နဲ့ပတ်သက်ပြီး စိတ်ထဲမှာ တော်တော်လေးအားရဝမ်းသာ ကျေနပ်မိပါတယ်။ ဘာလို့လဲဆိုတော့ ကျောင်းတွေကလည်း လာလိုက်ကြတာ အများကြီးပဲ။ ကိုယ်ပိုင်ကျောင်းတွေကရော၊ အစိုးရကျောင်းတွေကရော တွေ့ရတယ်။ ကျွန်တော်တွေ့ရတာက လာရောက်တဲ့ ကလေးတွေက စာအုပ်တွေဝယ်ယူကြတယ်။ ဆရာ ဆရာမတွေကလည်း ဝယ်ခိုင်းတယ်။ အဲဒီတော့ ဒီကလေးတွေက သူတို့ရတဲ့ မုန့်ဖိုးလေးတွေနဲ့ ဒီစာအုပ်တွေကို ဝယ်ယူအသုံးချတာကိုတွေ့တော့ စိတ်ထဲမှာ စာရေးဆရာတစ်ယောက်အနေနဲ့ ကြည်နူးမိတယ်။ လူငယ်တွေ စာမဖတ်ဘူး၊ စာမဖတ်ဘူးဆိုတဲ့ လူကြီးတွေရဲ့ တစ်ဖက်အမြင်ကိုလည်း ပြောင်းလဲသွားနိုင်မယ်လို့ ယူဆပါတယ်။

"ကလေးတွေက ကိုယ်ဘာကို ဝါသနာပါမှန်း သေချာမသိဘူး။ ဘာကို ဝါသနာပါသလဲဆိုတာလည်း မစူးစမ်းမိဘူး။ သူတို့ထူးချွန်နိုင်မယ့် သူတို့ဝါသနာဟာ ဘာမှန်းမသိကြဘူး။ ဒီပွဲတော်ကိုလာခြင်းအားဖြင့် သူတို့က ကိုယ်ဘာကို ဝါသနာပါသလဲဆိုတာကို သိသွားမယ်။ ပြောရရင် လူငယ်လေးတွေ မိမိတို့မှာ စွဲစွဲမြဲမြဲရှိနေတဲ့ ဝါသနာကို ဆွဲထုတ်ပေးတဲ့ ပွဲတော်လို့အမည်တပ်လို့ရတယ်။ လူငယ်ပွဲတော်ဟာ ဘက်စုံပြထားတာတွေပါဝင်တဲ့အတွက် ကိုယ်ကဘယ်ဘက်မှာ ငါလေ့လာလိုက်စားချင်သလဲ၊ ဘယ်ဘက်မှာ ထူးချွန်မလဲဆိုတာ သူတို့ကိုယ်သူတို့ သိသွားမယ်။ အဲဒါကိုဖွင့်ပေးလိုက်တာ။ လူငယ်ဘက်စုံပွဲတော်ဆိုတာကတော့ ကျွန်တော်ထင်တယ်၊ ဒါကအစိုးရရဲ့ လှုပ်ရှားမှုတစ်ခုပဲ။ ပွဲတော်ကတော့ အောင်မြင်ပါတယ်။ ပြီးတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ခါတိုင်းလို ငြိမ်းချမ်းရေးစကားဝိုင်းမဟုတ်ဘဲ စာပေစကားဝိုင်းလုပ်သွားတာဆိုတော့ အင်မတန်ကောင်းတဲ့ လှုပ်ရှားမှုတစ်ခုဖြစ်သွားတယ်။ ရည်ရွယ်ချက်လည်း အောင်မြင်တယ်လို့ ပြောရမယ်။"

**စာရေးဆရာ ညီပုလေး**

"ဒီပွဲတော်လုပ်လိုက်တာကောင်းတယ်ဗျ။ ကျွန်တော်ကတော့ သဘောကျတယ်။ ဒီပွဲကိုလာတဲ့အချိန် ကျွန်တော်ပြန်ကြားရတာကတော့ ကလေးတွေ စာဖတ်ချင်စိတ်ပေါ်တယ်ဗျ။ တချို့လူတွေကတော့ စကားဝိုင်းမှာ ကလေးတွေကို အားမရဘူးလို့ ပြောကြတယ်။ ကျွန်တော်ကတော့ လူကြီးတစ်ယောက်ရဲ့အမြင်အရ ကလေးအချင်းချင်းကျတော့ ကျွန်တော်ပြောတာထက် ကလေးတွေ ပြောတာက ပိုပြီးရင်ထဲ ရောက်တယ်။ တကယ်တော့ လူ ၂၀ က နည်းနည်းများတယ်။ စီးပွားရေးသမားတွေနဲ့ စကားဝိုင်းတစ်ခုလည်း လုပ်ပေးစေချင်တယ်။ ဒီပွဲတော်မှာ လူငယ်လေးတွေရဲ့ စကားဝိုင်းကို ကျွန်တော်ကြိုဆိုပါတယ်။ တစ်ဦးချင်းမိတ်ဆက်ပြီး ပြောကြတာထက် တစ်ဦးနဲ့တစ်ဦး လုယက်ပြီး ပြောကြရင်တော့ ပိုကောင်းမယ်။ အခုက နည်းနည်းစနစ်ကျအောင်လုပ်ထားတဲ့ အရသာထွက်နေတယ်။ မေးတဲ့သူက မေး၊ ဖြေတဲ့သူက ဖြေကြပေါ့ဗျာ။ ကလေးတွေလာကြတာကို ကျွန်တော်ကတော့ တော်တော်ကို သဘောကျတယ်။ သူတို့ လူငယ်ဖြစ်လာတဲ့အချိန်ကျရင် ဘယ်လိုရပ်တည်ရမယ်ဆိုတာက ဒီကနေ အတုယူစရာတွေ၊ သင်ယူစရာတွေ ကလေးတွေအနေနဲ့ ရသွားမှာပါ။ အနည်းဆုံးတော့ သူတို့အတွက် အကျိုးကျေးဇူးတစ်ခုခုတော့ ရကိုရသွားမှာပါ။ ကျွန်တော်ကတော့ အထူးသဖြင့် ပြည်နယ်တွေမှာ ပိုပြီးလုပ်ပေးစေချင်တယ်။"

**စာရေးဆရာ စိုးနိုင်(မန္တလေးတက္ကသိုလ်)**

"လူငယ်ပွဲတော်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်ကလည်း စာရေးဆရာမဖြစ်တယ်။ ကဗျာဆရာမဖြစ်တယ်။ ဒီစာရေးဆရာမ၊ ကဗျာဆရာမနဲ့ စာဖတ်တဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ တွေ့တဲ့ပွဲပေါ့။ နားထောင်ရတာ ပီတိဖြစ်တယ်။ ကလေးတွေကလည်း ပြောတာကောင်းတယ်။ အတိုင်ပင်ခံကလည်း ကလေးတွေပြောတဲ့စကား သေသေချာချာ ပြန်ပြီးပေါင်းစပ်ပေးနိုင်တယ်။ ကမ္ဘာ့တက္ကသိုလ်တွေ တက်လာပြီး အတွေ့အကြုံရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်ဟာ မန္တလေးတက္ကသိုလ်ကို လာတဲ့အတွက် မန္တလေးတက္ကသိုလ်ဟာ မော်ကွန်းအသစ်တစ်ခုကို ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လိုက်တာဖြစ်ပါတယ်။ မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်းတစ်ယောက်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ပါတယ်။ ပညာရေးစနစ်က နှစ်ပေါင်းများစွာ မကောင်းခဲ့ဘူး။ အဲဒီပညာရေးကို ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲဖို့ ဒါဟာ အခြေခံလှုပ်ရှားမှုတစ်ခုပါ။ အရင်ကအလွတ်ကျက်မှတ်တဲ့ စနစ်ကနေ ကိုယ်တိုင်တွေးခေါ်တဲ့စနစ်ကို ပြောင်းဖို့ကြိုးစားနေတာကို အစပျိုးလိုက်ခြင်းဖြစ်ပါတယ်။ အခုခေတ်ကျောင်းသား ကျောင်းသူတွေက စာကြည့်တိုက်ကို သိပ်ပြီး မလှည့်ကြတော့ဘူး။ ဒီကျောင်းသား ကျောင်းသူတွေ အခုလုပ်လိုက်တဲ့စကားဝိုင်းကနေ စာကြည့်တိုက်ဘက်ကို ပြန်လှည့်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။"

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) တတိယနေ့ လာရောက်လေ့လာသူများဖြင့် စည်ကား

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) တတိယနေ့ (ပွဲတော်နောက်ဆုံးနေ့)တွင် လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တတိယနေ့တွင် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ တက္ကသိုလ်အသီးသီးမှ ခင်းကျင်းပြသထားသည့် ဘာသာရပ်ဆိုင်ရာပြခန်းများသို့ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူများ၊ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာကြပြီး ပြသထားသည့်ဆိုင်ခန်းများ၊ စတုဒိသာဆိုင်ခန်းများတွင် တိုးမပေါက်အောင် စည်ကားကြောင်း သိရသည်။

**ခင်းကျင်းပြသထား**

အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) တတိယနေ့တွင် စာအုပ်စာပေဆိုင်ခန်းများ၊ ခင်းကျင်းပြသထားသည့် ဘာသာရပ်ဆိုင်ရာ ပြပွဲပြခန်းများ၊ အားကစားကျင်းပသည့် ခန်းမဆောင်၊ လွန်ဆွဲကွင်း၊ ခေါင်းအုံးရိုက်ပွဲနှင့် ခြေသုံးချောင်းထောက်အားကစားပြိုင်ပွဲများ ကျင်းပသည့်နေရာကွင်းပြင်များတွင်လည်း စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**




## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း သိရသည်။

**မိုး/ဇလ**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)လှုပ်ရှားမှုမြင်ကွင်းများ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့တွင် အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် စစ်ရေးပြကွင်း၌ ခေါင်းအုံးရိုက်ပြိုင်ပွဲကို ကျင်းပရာ လူငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) နောက်ဆုံးနေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်း၌ ကျောင်းသားကျောင်းသူများ လေ့လာကြစဉ်။









လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)နောက်ဆုံးနေ့တွင် အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် စစ်ရေးပြကွင်း၌ လွန်ဆွဲပွဲ (အပေါ်ဝဲပုံ)၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ(အပေါ်ယာပုံ)၊ သုံးချောင်းထောက်ပြေးပွဲ (အောက်ဝဲပုံ) နှင့် ဂုန်နီအိတ်စွပ်ပြေးပွဲ (အောက်ယာပုံ) တို့ကို ကျင်းပရာ လူငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။

✻ ကျောဖုံးမှ

သုံးချောင်းထောက်ပြေးပွဲနှင့် ဘတ်စကက်ဘော ဂိုးသွင်းပြိုင်ပွဲတို့ကို ကျင်းပရာ လူငယ်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး အားကစားပြိုင်ပွဲတွင် ဆုရရှိသူလူငယ်များကို တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြသည်။

အနုပညာဆိုင်ရာလှုပ်ရှားမှုများအဖြစ် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ သီဟာသနပလ္လင်နောက်ခံဖြင့် ဓာတ်ပုံရိုက်ကူးခြင်း၊ ရောင်စုံပန်းများဖြင့် ပုံဖော်ထားသည့် We Love Mandalay စာတန်းဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသားဝတ်စုံ၊ ပျူ ပုဂံ၊ အင်းဝခေတ်ဝတ်စုံများနှင့် ကုန်းဘောင်ခေတ် နန်းတွင်းဝတ်စုံများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသားလူမျိုးများ၊ ရုပ်တုများဖြင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ လှည်းယဉ်ဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း စသည့် အစီအစဉ်များကို ပွဲတော်လာရောက်ကြသူများက စိတ်ဝင်တစားပါဝင်ကြသည့်အပြင် ပုံတူပန်းချီရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ ရေးဆွဲခြင်းနှင့် ပို့စကတ်များ ရေးဆွဲခြင်း အစီအစဉ်များတွင်လည်း စိတ်ဝင်တစားပါဝင်ကြသည်။

**ပါဝင်ပြသ**

ပွဲတော်တွင် အသိပညာပေးပြခန်းများကို တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများအလိုက် ပြခန်းများ၊ တက္ကသိုလ်များအလိုက် ဘာသာရပ်အလိုက် ပြခန်းများ၊ ကျန်းမာရေးဆိုင်ရာ ပြခန်းများ၊ လူငယ်စံပြရိပ်သာ၊ မူးယစ်ဆေးဝါးပညာပေးပြခန်းများ၊ ကလေးသူငယ်စွန့်ပစ်မှု ပပျောက်ရေးဆိုင်ရာ ပြခန်းများကို လေးထပ်ဆောင် အဝင်လမ်းမတစ်လျှောက် ပါဝင်ပြသထားသည်။

ထို့ပြင် ပွဲတော်တွင် Science Fair ပြခန်းများကို လေးထပ်ဆောင်မြေညီထပ်ရှိ ပြခန်းများတွင် IT ပစ္စည်းများပြသခြင်း၊ IT Quiz များ ပြုလုပ်ခြင်း၊ Cyber Security Awareness ကျင်းပခြင်း၊ IT Power Test၊ မေးချင်ရာမေး IT အကြံပေး၊ Project Show၊ IT Book Show၊ Minecraft Game ပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်ထားရာ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

**အောင်မင်းဟန်**

# တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၀/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)**

## တိုင်ကြားပေးပို့လာသော မူးယစ်သတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှ ၁၁ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | နေပြည်တော် ကောင်စီ၊ ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနား (ဟောင်း) ကျေးရွာအုပ်စု၊ စည်ကောက်ကျေးရွာနေ ကုလားလေးသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၈-၂၀၁၈ ရက်နေ့တွင် ပျဉ်းမနားမြို့နယ်၊ လမ်းပျဉ်းမနား (ဟောင်း) ကျေးရွာအုပ်စု၊ စည်ကောက်ရွာနေ မြခိုင်(ခ) ကုလားလေး (၅၄)နှစ်၊ (ဘ) ဦးထွန်းခင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်၌တွေ့ရှိပြီး ၎င်းနေအိမ် ခြံစည်းရိုးနှင့်ကပ်လျက် မလွယ်ပေါက် ဖောက်ထားသော လူနေထိုင်ခြင်းမရှိသည့် ခြံဝင်းအတွင်း ငှက်ပျောပင်များကြားတွင် ဝှက်သိမ်းထားသည့် ဘိန်းဖြူမှုန့်များအား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် မမစ(ပျဉ်းမနား) မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ရွာတော်လေးရွာနေ ဖိုးဆန်းဝင်းသည် ဆိုင်ကယ်ဖြင့် မူးယစ်ဆေးပြားများအား ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၈-၂၀၁၈ ရက်နေ့တွင် စဉ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာ၊ လက်ပံလှ-ဒိုးနွယ်သွား လမ်းပေါ်၌ လျှို့ဝှက်စောင့်ဆိုင်းစိစစ်နေစဉ် ဖိုးဆန်းဝင်း(ခ) အောင်လှိုင်ထွန်း (၂၈)နှစ်၊ (ဘ) ဦးဆွေဝင်း၊ ရွာတော်လေးရွာနှင့် တစ်ရွာတည်းနေ မိုးသက်နိုင် (ခ) မိုးသီး(၃၂)နှစ်၊ (ဘ) ဦးအောင်မြင့်တို့ စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့် ရှာဖွေစစ်ဆေးရာ ဆိုင်ကယ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့နှစ်ဦးအား ရကစ (လက်ပံလှ)မယ(ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ ရပ်ကွက်(၂)နေ ကိုလောသိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၈-၂၀၁၈ ရက်နေ့တွင် လွယ်ဂျယ်မြို့နယ်ခွဲ၊ ရပ်ကွက်(၂)၊ အိမ်အမှတ်(၈၃)နေ လောသိန်း(၄၂)နှစ်၊ (ဘ)ဦးဆွဲရှန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ ကိုအောင်(ခ)သိခ်အောင် (၃၉)နှစ်၊ (ဘ) ဦးလှအောင်နှင့် အောင်မြတ် (၄၉)နှစ်၊ (ဘ)ဦးပန်းစွတ် တို့နှစ်ဦးအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူမှုန့်များ၊ တံဆိပ်မပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ နှစ်ဦးအား နမစ (လွယ်ဂျယ်) မယ(ပ)၁၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ်နှစ်ခု၌ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့တွင် အမှု(၁၃)မှု၌ တရားခံအမျိုးသား (၁၃)ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၅-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ ရီကျင်ဆိုက် (၄၃)နှစ်၊ (ဘ) ဦးရီချောက်ပေါ်အား ၎င်းဝတ်ဆင်ထားသည့် အနွေးထည်အကျႌအတွင်းမှ ဘိန်းဖြူများ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၈၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၎င်းရပ်ကွက်၌ ဆက်လက်စောင့်ဆိုင်း စိစစ်နေစဉ် လမ်းလျှောက်လာသူ ဖြိုးမင်းနောင်(ခ)အိုက်ပူး (၂၂)နှစ်၊ (ဘ) ဦးသန်းဝင်းနောင်အား ၎င်းဝတ်ဆင်ထားသည့် အကျႌအတွင်းမှ ဘိန်းဖြူများ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၈၁/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း၊ ၆-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့၊ အမက(မြို့မစုစည်းရွာ)အနီး စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ မရန်ဆွေကော့ (၄၈)နှစ်၊ (ဘ) ဦးကြောင်မိန့်ချိန်၊ ရပ်ကွက်(၇)နေသူအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (ကွတ်ခိုင်) မယ(ပ)၈၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ဆက်လက်စောင့်ဆိုင်း စိစစ်နေစဉ် လမ်းလျှောက်လာသူ တန်ဂန်း(ခ) မာဂွန်း (၂၈)နှစ်၊ (ဘ) ဦးမီတုန်ဂမ်၊ ရပ်ကွက်(၂) နေသူအား ၎င်းဝတ်ဆင်ထားသည့် အပြာရောင် ဘောင်းဘီအိတ်ကပ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ) ၈၆/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်အတွင်း သတင်းစုံစမ်းနေစဉ် သတင်းရရှိထားသူ သန့်ဇင်ထွန်း(၂၅)နှစ်၊ (ဘ)ဦးတင်ဝင်း၊ (က)ရပ်ကွက်၊ သုဝဏ္ဏနေသူအား သုမင်္ဂလာလမ်းမပေါ်တွင် တွေ့ရှိရှာဖွေရာ ၎င်းထံမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ တွေ့ရှိခဲ့ပြီး ကွင်းဆက်စစ်ဆေးရာ (က)ရပ်ကွက်၊ စကားဝါလမ်းနေ မရင်ရင်ထွေးထံမှ ဝယ်ယူကြောင်း သိရှိရသဖြင့် မရင်ရင်ထွေး (၄၅)နှစ်၊ (ဘ) ဦးမောင်မောင်၏ နေအိမ်သို့ ဆက်လက်ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့ နှစ်ဦးအား မမစ(သယ်န်းကျွန်း) မယ(ပ)၃၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၄)နေ ဝင်းကိုသည် 7J-4601 ခွေးဘီလူးယာဉ်ဖြင့် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့၊ (၄၁)ကားဂိတ်ဝင်းအတွင်း 7J/4601 ခွေးဘီလူးယာဉ်နှင့်အတူ ယာဉ်ပေါ်၌ ဝင်းကို (၄၉)နှစ်၊ (ဘ)ဦးမောင်ကျော်၊ အမှတ်(၄၃)၊ ရပ်ကွက် (၄)နှင့် တင်ထွန်းညိမ်း (၄၄)နှစ်၊ (ဘ) ဦးဖိုးလူ၊ ချယ်ရီမြိုင်အိမ်ရာ၊ ရပ်ကွက်(၁)တို့ နှစ်ဦးအား ဘိန်းဆီခဲနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဝင်းကို၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ နေအိမ်အတွင်းမှ ခတ်ခူးအား ထပ်မံတွေ့ရှိသဖြင့် ၎င်းတို့ နှစ်ဦးအား မမစ(လားရှိုး) မယ(ပ)၁၄၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ လားရှိုးမြို့၊ ရပ်ကွက်(၄)၊ သပြေလမ်း၊ အမှတ်(ယ/၈/၃၇) နေ မရင်ချွင်ရှမ်း (၅၃)နှစ်၊ (ဘ) ဦးရန်ဆင်ညာအား စစ်ဆေးရာ နေအိမ်အတွင်းမှ ဘိန်းဆီခဲ၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လားရှိုး) မယ(ပ)၁၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ မိဿလင်းကျေးရွာအုပ်စု၊ စေတီကုန်းကျေးရွာနေ ကိုထွန်းအောင်ကျော် (ဘ) ဦးတင်စိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၈-၈-၂၀၁၈ ရက်နေ့တွင် ကသာမြို့နယ်၊ စေတီကုန်းကျေးရွာနေ ထွန်းအောင်ကျော် (၃၂)နှစ်၊ (ဘ)ဦးတင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားတွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်းမှ ဘိန်းဖြူမှုန့်များ ဖမ်းဆီးရမိသဖြင့် မမစ (ကသာ) မယ(ပ)၅၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန် တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇) ရပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ ရပ်ကွက် (၇)အတွင်း စုံစမ်းဆောင်ရွက်နေစဉ် ငုရွှေဝါလမ်း၊ အမှတ် (၁၀၇၅/က)ရှိ ဘုန်းမောင်(ခ) နေဝင်းမောင် (၃၀)နှစ်၊ (ဘ)ဦးမောင်မောင်ဦးသည် မူးယစ်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ) ၄၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပါသည်။ |
| ၉ | စစ်ကိုင်းတိုင်း ဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ ပိတောက်မြိုင် ရပ်ကွက်ရှိ လေထိုး ကျွတ်ဖာဆိုင်တွင် မူးယစ်ဆေးဝါးများကို အကြီးအကျယ် ဖြန့်ဖြူးရောင်းချသုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ကျွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်ရှိ "ဇွဲကိုကို" လေထိုးကျွတ်ဖာဆိုင်အား ဝင်ရောက်ရှာဖွေရာ ဆိုင်ပိုင်ရှင် မင်းမင်းကျော်(ခ)ကျော်ကြီး (၂၁)နှစ်၊ (ဘ) ဦးသိန်းကြိုင်အား ဆိုင်ခန်းအတွင်းမှ ဘိန်းဖြူမှုန့်များ ရှာဖွေတွေ့ရှိပြီး ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ နေအိမ်မီးဖိုချောင်အတွင်းမှ ဘိန်းဖြူမှုန့်များ ထပ်မံတွေ့ရှိခဲ့ပြီး မမစ(ကျွန်းလှ) မယ(ပ)၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မလေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းတွင် မူးယစ်ဆေးဝါးများကို သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၈-၂၀၁၈ ရက်နေ့တွင် ဒလမြို့နယ်၊ မြို့မလေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းအတွင်း စုံစမ်းစိစစ်နေစဉ် မူးယစ်ဆေးများအား သံလျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာနေ ကိုမင်းထံမှ ဝယ်ယူရောင်းချနေကြောင်း သိရှိရသဖြင့် သံလျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်-ကျောက်တန်းလမ်းမ၊ သုခစံလက်ဖက်ရည်ဆိုင်ရှေ့လမ်းမပေါ်တွင် အောင်ကိုမင်း(ခ) ကိုမင်း(၂၈)နှစ်၊ (ဘ)ဦးတင်ဝင်း၊ ဘုရားကုန်းကျေးရွာနေသူအား HONDA Wave-125 ဆိုင်ကယ်နှင့်အတူ တွေ့ရှိရပြီး ဆိုင်ကယ်တူးဘောက်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(သံလျင်) မယ(ပ) ၂၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပွိုင့်အပန်းဖြေစခန်းအတွင်း၌ နေ့ရောညပါ မူးယစ်ဆေးဝါးများ လာရောက်သုံးစွဲနေကြကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် ပွိုင့်ကမ်းခြေတစ်လျှောက် စောင့်ဆိုင်းစိစစ်နေစဉ် ပြည်တော်သာရပ်ကွက်၊ ကမ်းနားလမ်းနှင့် တြိဂံလမ်းဆုံအနီးတွင် လမ်းလျှောက်လာသူ လင်းချေ (၂၂)နှစ်၊ (ဘ)ဦးစိန်သာ၊ မကျည်းမြိုင်ရပ်ကွက်နှင့် ဝင်းမောင်သိန်း (၁၈)နှစ်၊ (ဘ)ဦးရွှေလှ၊ မကျည်းမြိုင်ရပ်ကွက်နေသူတို့ နှစ်ဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ)၃၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း၊ ၇-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ပွိုင့်ကမ်းခြေစခန်း၊ WESTENPART POINT စားသောက်ဆိုင်အနီး စုံစမ်းစိစစ်နေစဉ် |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| | | |
|---|---|---|
| | | ကျော်သူရဦး(ခ) သူရချေ (၂၃)နှစ်၊ (ဘ)ဦးကျော်မြင့်၊ ပြည်တော်သာ ရပ်ကွက်နေသူ မောင်းနှင်လာသည့် ၅၁ယ/၆၉၁၇၄ SUZUKI (CBR) ဆိုင်ကယ်အား ရပ်တန့်ရှာဖွေစစ်ဆေးရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ(ပ) ၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ စစ်တွေမြို့၊ ရွာကြီးတောင်ရပ်ကွက်၊ မဏိရတနာ ဘုန်းကြီးကျောင်းတွင် သတင်းသုံးနေသည့် ဦးဥတ္တမသီရိ(ခ) ခင်အေးမောင် (၃၀)နှစ်၊ (၁၁)ဝါ၊ (ဘ)ဦးမောင်အေးသာကို စစ်ဆေးနိုင်ရေး ကျောင်းထိုင်ဆရာတော်ထံ လျှောက်တင်ပြီး ဆွမ်းစားဆောင်အပေါ် ထပ်ရှိ ၎င်း၏အခန်းအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် သိက္ခာတော်ချ၍ မမစ(စစ်တွေ) မယ(ပ)၃၆/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ မစိုးစိုးအေး(ခ)မစိုး (၄၀)နှစ်၊ (ဘ) ဦးကျော့အေး၊ အမှတ်(၁၁)၊ (ဃ)တန်း၊ မင်းဂံအကွက်(၄)နေသူအား မင်းစောမွန်လမ်းမပေါ်တွင် တွေ့ရှိစဉ် ၎င်း၏ လက်ကိုင်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (စစ်တွေ) မယ (ပ)၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့်လည်းကောင်း၊ ဆက်လက်၍ မစိုးစိုးအေး(ခ) မစိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ရောက်ရှိနေသူ ၎င်း၏ မောင်ဝမ်းကွဲ ကျော်မင်းထွန်း (၃၈) နှစ်၊ (ဘ) ဦးကျော်ထွန်းစိန်၊ ချောင်းဝရပ်ကွက်၊ ရသေ့တောင်မြို့နယ် နေသူအား ၎င်းဝတ်ဆင်ထားသည့် အကျႌအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်တွေ) မယ (ပ)၃၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀ (က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ လမ်းမတော်(မြောက်)ရပ်ကွက်၊ ရွှေပြားကမ်းနားလမ်းနေ ခိုင်မင်း၊ (၃၂)နှစ်၊ (ဘ) ဦးကျော်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆေးပြားများအား တစ်ရပ်ကွက်တည်းနေ ဦးအောင်စံမြ၊ (၄၅)နှစ်၊ (ဘ) ဦးကျော်သန်းထံမှ ဝယ်ယူထားကြောင်း သိရှိရသဖြင့် ဦးအောင်စံမြ၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိခြင်း မရှိခဲ့သော်လည်း ၎င်းတို့ နှစ်ဦးအား မမစ (စစ်တွေ)မယ(ပ)၃၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်၊ သစ်ဆိမ့်ကုန်းအုပ်စု၊ ကင်းချောင်းကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချမှုများ ရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် မိုးမိတ်မြို့နယ်၊ ကင်းချောင်းကျေးရွာနေ မသီတာထွန်း(ခ) မအေးသာ (၂၄)နှစ် (ဘ) ဦးအောင်ကြီး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မသီတာထွန်း(ခ)မအေးသာ လွှင့်ပစ်လိုက်သည့် အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (မိုးမိတ်) မယ(ပ) ၆၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ ကင်းချောင်းကျေးရွာ၊ အောင်ရတနာဈေးရပ်ကွက်နေ ဖိုးပြည့်(ခ)ဖိုးမြ (၂၆)နှစ်၊ (ဘ) ဦးကုလား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်း ဖိနပ်စင်အောက်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(မိုးမိတ်)မယ(ပ) ၆၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အိုင်မကျေးရွာတွင် နေထိုင်သူ ဦးမျိုးမြင့်နှင့် ရွှေပန်းကျေးရွာမှ မခင်ဌေးရီတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် မြို့သစ်မြို့နယ်၊ အိုင်မကျေးရွာနေ မျိုးမြင့်(၅၃) နှစ်၊ (ဘ)ဦးထိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းမည်းများ ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးများအား ရွှေပန်းကျေးရွာနေ မခင်ဌေးရီ၊ (၄၀)နှစ်၊ (ဘ) ဦးသောင်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် မခင်ဌေးရီ နေအိမ်အား ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိခြင်း မရှိခဲ့သော်လည်း ၎င်းတို့ နှစ်ဦးအား မမစ(မြို့သစ်) မယ(ပ)၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူအုပ်စု၊ နမ့်မော်ရွာ၊ ရပ်ကွက်(၆)တွင် နေထိုင်သူ ဦးဝင်းဇော်သန်းနှင့် ဇနီး ဒေါ်ခင်ဝင်းရီတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ နမ့်မော်ကျေးရွာ၊ ရပ်ကွက်(၆)၊ အိမ်အမှတ် (၆/၁၂၁)နေ ဦးဝင်းဇော်သန်း (၂၉)နှစ်၊ (ဘ) ဦးသန်းရှောင်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ဝင်းရီ (၃၅)နှစ်၊ (ဘ) ဦးထွန်းရင်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့နှစ်ဦးအား နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ (ဖားကန့်) မယ(ပ)၁၄၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉ (က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်၊ တောင်ပိုင်း၊ တောင်ကြီးမြို့နယ်၊ တောင်လေးလုံး ကျေးရွာအုပ်စု၊ ဖက်နန်ရွာနေ ကိုဖိုးလမင်း (ဘ-ဦးချစ်စံ) သည် မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ဖက်နန်ရွာနေ ဖိုးလမင်း (ခ)ဖိုးလပြည့် (၃၆)နှစ်၊ (ဘ)ဦးချစ်စံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရဲဝင်းကို (ခ)ရဲကို (၂၇)နှစ်၊ (ဘ)ဦးမှတ်ကြီး၊ ရွှေညောင်မြို့နှင့် ထက်အောင် (၂၀)နှစ်၊ (ဘ)ဦးသန်းအောင်၊ ရတနာ(၁) ရပ်ကွက်၊ ရွှေညောင်မြို့ နေသူတို့ သုံးဦးအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ သုံးဦးအား နမစ(ညောင်ရွှေ) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် နန္ဒင်းတောအုပ်စု စည်းသာကျေးရွာနေ ဦးငမင်းသည် မူးယစ်ဆေးဝါးများ ရောင်းချလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၅-၈-၂၀၁၈ ရက်နေ့တွင် တန့်ဆည်မြို့နယ်၊ နန္ဒင်းတောကျေးရွာ အုပ်စု၊ စည်းသာကျေးရွာနေ မင်းခိုင်(ခ) ငမင်း (၄၃)နှစ်၊ (ဘ)ဦးဖိုးခန့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် မမစ(တန့်ဆည်) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၇ | ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအုပ်စု၊ ဘုရင့်နောင်လမ်းနေ ဦးမောင်နှင့်ဇနီး ဒေါ်ညွန့်အေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၁၈ ရက်နေ့တွင် မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအုပ်စု၊ မြို့ဦးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အိမ်အမှတ် (၄၀၉)နေ ဦးမောင် (ခ) ဦးသန်းဦး (၅၀)နှစ်၊ (ဘ)ဦးတင်ရှိန်နှင့်ဇနီး ဒေါ်ညွန့်အေး (၄၈)နှစ်၊ (ဘ) ဦးတင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့ (၂)ဦးအား ခပ်ပုံ၊ ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (နမ္မတီး) မယ(ပ) ၂၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်း ကျေးရွာအုပ်စု၊ ကော့ဒွတ်ကျေးရွာ လှေဆိပ်နေ ကိုသက်ဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ ကူးတို့ဆိပ်ရပ်နေ သက်ဝင်း(၅၁)နှစ်၊ (ဘ)ဦးလှထွန်း၏ ဈေးဆိုင်နှင့် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လမိုင်း)မယ (ပ)၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ကွန်းချောင်းရွာနေ ဒေါ်ဝင်းနှင့် သဲချောင်းရွာနေ ဒေါ်ညွန့်ရီတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာအုပ်စု၊ သဲချောင်းကျေးရွာနေ ဒေါ်ညွန့်ရီ (ခ)ညွန့်ညွန့်ရီ (၂၈)နှစ်၊ (ဘ) ဦးထွန်းလှ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၅၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ မဘိမ်းမြို့နယ်၊ ကွန်းချောင်းကျေးရွာနေ ဒေါ်ဝင်း (၇၆) နှစ်၊ (ဘ)ဦးလှရှိန် ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တွတ်ပီ (ခ) အောင်မိုး (၃၅)နှစ်၊ (ဘ)ဦးထွန်းဝင်း၊ ငါးအိုးကျေးရွာနေသူအား တွေ့ရှိရပြီး နေအိမ် အိပ်ခန်းအတွင်းမှ ဘိန်းဖြူ တွတ်ပီ (ခ)အောင်မိုး၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူနှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသဖြင့် ၎င်းတို့ နှစ်ဦးအား မမစ (မဘိမ်း) မယ(ပ) ၅၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) /၁၉ (က)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၁ ရက်နေ့အထိ အမှုပေါင်း (၁၃၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၇၅)ဦး၊ မ(၃၅)ဦး၊ ပေါင်း (၂၁၀) ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၇၈၆. ၄၄)ဂရမ်၊ ICE(၀. ၅၅)ဂရမ်၊ဘိန်းမဲ(၂၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၈၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၇. ၅၀)ဂရမ်၊ ဘိန်းချေးခဲ(၂၇. ၅၀)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၇၇၅၆၈) ပြား၊ ဆေးခြောက်(၁၇၆၆. ၀၈)ဂရမ်၊ ဘိန်းရည်(၀. ၁၀)လီတာ၊ ဘိန်းဆီခဲ(၂၁၃. ၄၀)ဂရမ်၊ ဘိန်းစေ့(၆၀) ဂရမ်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုရှိခဲ့ပြီး ၇-၈-၂၀၁၈ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ထင်ဇင်ကျေးရွာနှင့် ဘုက္ကန်ကျေးရွာကြား တမူး-ကလေးလမ်းပေါ်တွင် တရားခံ အမျိုးသား(၂)ဦးအား ခြောက်လုံးပြူးသေနတ် (၁)လက်၊ ကျည်(၄)တောင့်၊ စိတ်ကြွရူးသွပ်ဆေးပြား(၉၃၅၃၀)ပြား၊ အိုက်စ်(၅. ၅)ကီလိုဖြင့် လည်းကောင်း၊ ၁၁-၈-၂၀၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ကံရိုးကျေးရွာတွင် တရားခံအမျိုးသား(၁)ဦးအား ပစ္စတိုသေနတ် (၁)လက်၊ ကျည်(၁၅) တောင့်၊ လက်ပစ်ဗုံး(၁)လုံး၊ စိတ်ကြွရူးသွပ်ဆေးပြား(၅၄၈၁)ပြား ဖြင့်လည်းကောင်း၊ ပြန်လည်ခုခံထွက်ပြေးသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ်လည်း (၂)ခုရှိခဲ့ပြီး ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ယမ်းခေါင်ကျေးရွာအနီး လွယ်စီတုံ-မိုင်းဟဲကားလမ်းမပေါ်၌ ပိတ်ဆို့စစ်ဆေးစဉ် မော်တော်ယာဉ်(၂)စီးမှာ မောင်းနှင်ထွက်ပြေးသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးခဲ့ရာ တရားခံ အမျိုးသား(၁)ဦးတွင် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ပြီး ၎င်းယာဉ်(၂)စီးပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား(၇၈၂၀၀၀၀) အားလည်းကောင်း၊ ၁၁-၈-၂၀၁၈ ရက်နေ့တွင် ရှမ်းပြည်နယ်၊ နမ့်စန် မြို့နယ်၊ အမှတ်(၃)ကျေးရွာအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ သွားရောက်စစ်ဆေးစဉ် တရားခံ အမျိုးသား (၁)ဦးက ပြန်လည်ခုခံပြီး ရဲတပ်ဖွဲ့ဝင်၏ သေနတ်အားဆွဲလုသဖြင့် ပစ်ခတ်ဖမ်းဆီး သေဆုံးခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀) နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှုအနေဖြင့် ယခု သီတင်းပတ်(၅-၈-၂၀၁၈ ရက်နေ့မှ ၁၁-၈-၂၀၁၈ ရက်နေ့အထိ) အတွင်း မူးယစ်အမှုပေါင်း (၃၅၈)မှုတွင် တရားခံ ကျား(၄၃၀)၊ မ(၅၆)ဦး၊ ပေါင်း(၄၈၆)ဦးကို ဘိန်းဖြူ (၆၁၂၀. ၉၇)ဂရမ်၊ ICE (၇၂၉၅. ၅၀)ဂရမ်၊ ဘိန်းစိမ်း(၅၀၇၉၈. ၃၉)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၀)ဂရမ်၊ ဘိန်းစာမှုန့်(၇၆၀)ဂရမ်၊ ဘိန်းစာရွက်(၅၃၀၇)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား (၈၂၃၉၃၃၉)ပြား၊ ဆေးခြောက်(၃၂၅၃၀၀၉၄)ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြားအမှုန့်(၂၂)ဂရမ်၊ ဘိန်းဆီခဲ (၂၆၂. ၂၀) ဂရမ်၊ ဆေးခြောက်အဆီခဲ(၁၃. ၂၀)ဂရမ်၊ ကတ်တမင်း(၁၀၀၀)ဂရမ်၊ အက်တက်စီဆေးပြား (၃၆)ပြား၊ ဒိုင်ယာစီပင်ထိုးဆေး (၆)ပုလင်း၊ လက်နက်(၂)လက်၊ ကျည်(၁၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ "မူးယစ်ဆေးဝါး အထူးသတင်း တိုင်ကြားရေးဌာန" အောက်ဖော်ပြပါ တယ်လီဖုန်း-ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန် -
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်

# ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေ ရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေးစကားဝိုင်းတစ်ခုကို ဩဂုတ် ၉ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။**

**ကုန်သွယ်ဖွံ့ဖြိုး စီးပွားတိုးခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းတွင် ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များသိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်-**

အမေးအရေး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**အစီအစဉ်မှူး။** ။ ဒီနေ့တွေ့ဆုံကြတဲ့ စကားဝိုင်းကတော့ ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါတယ်။ ဒုတိယဝန်ကြီးကနေ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပြောပြပေးပါဦး။

**ဒုတိယဝန်ကြီး ဦးအောင်ထူး။** ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ရည်မှန်းချက်ကတော့ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ပြီး ကုန်သွယ်မှုဖွံ့ဖြိုးခြင်းကနေ ကူးသန်းရောင်းဝယ်မှုအားကောင်းလာကာ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်ဖို့အတွက် အထောက်အကူဖြစ်စိုင်ရေးပဲ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကူးသန်းရောင်းဝယ်ရေးတစ်ခုတည်းကို အာရုံစိုက်မှာမဟုတ်ပါဘူး။ လယ်ကွင်းထဲကနေ စားသုံးသူတွေရဲ့ စားပွဲပေါ်ရောက်တဲ့အထိ၊ ထုတ်လုပ်မှုကနေ စားသုံးမှုအထိ အကျိုးဝင်တဲ့ ထုတ်လုပ်စားသုံးမှုကွင်းဆက်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှာဖြစ်ပါတယ်။ ပြည်တွင်းထုတ်လုပ်မှုအပိုင်းကိုလည်း အထူးအာရုံထားပြီး ဆောင်ရွက်နေသလို ပြည်တွင်းထုတ်လုပ်မှုဆိုင်ရာ အချက်အလက်တွေနဲ့ ဈေးနှုန်းတွေ အချိန်နဲ့တစ်ပြေးညီရရှိအောင်၊ ဈေးကွက်တွေရရှိအောင်ကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

### ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်အစားထိုး

ဒါကြောင့် ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ ခံယူချက်က ထုတ်လုပ်သူတောင်သူများလည်း အကျိုးရှိ၊ ကုန်သည်လုပ်ငန်းရှင်များလည်း အကျိုးရှိပြီး စားသုံးသူတွေလည်း ဘေးကင်းစိတ်ချမ်းသာမှုတွေကို ဖြစ်ပေါ်စေရမယ်ဆိုပြီး ခံယူထားပါတယ်။ ဝန်ကြီးဌာနရဲ့ မဟာဗျူဟာကတော့ ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှုကို ရရှိစေဖို့ပါ။ ဒါနဲ့ပတ်သက်ပြီး ရည်မှန်းချက်ကတော့ လက်ရှိအစိုးရကာလအတွင်း ပို့ကုန်ကို သုံးဆမြှင့်တင်ဖို့ပဲ ဖြစ်ပါတယ်။

ပို့ကုန်မြှင့်တင်ပြီး သွင်းကုန်အစားထိုးနိုင်အောင်ဆိုရင် အထူးစီးပွားရေးဇုန်တွေကိုလည်း အကောင်အထည်ဖော်နေပါတယ်။ နယ်စပ်ကုန်သွယ်ရေးဆိုရင်လည်း တရားဝင်ကုန်သွယ်ရေးဖြစ်အောင် အားပေးဆောင်ရွက်နေပါတယ်။ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တွေကို ထူထောင်နိုင်အောင် လုပ်ဆောင်နေသလို ကုန်သွယ်မှုတွေမှာ နှစ်နိုင်ငံကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှုအပြင် ကုန်သွယ်မှုလိုငွေ လျော့နည်းစေမယ့် ကုန်ချင်းဖလှယ်မှုစနစ်ကိုပါ ကျင့်သုံးနိုင်အောင် လုပ်ဆောင်နေပါတယ်။

ကုန်သွယ်မှုဖွံ့ဖြိုးစေဖို့အတွက် Medium Term Program တွေ ချမှတ်ထားပြီး အကောင်အထည်ဖော်နေပါတယ်။ ပို့ကုန်မြှင့်တင်ဖို့အတွက်ကိုလည်း အမျိုးသားပို့ကုန်မဟာဗျူဟာကိုလည်း ချမှတ်ထားပါတယ်။ ပို့ကုန်တွေမြှင့်တင်ဖို့ စီးပွားရေးသံမှူးတွေကို အဓိက ဈေးကွက်ရှိရာနိုင်ငံတွေမှာ တိုးချဲ့စေလွှတ်ထားပါတယ်။ မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ ကုန်စည်တွေနဲ့ လက်မှုပညာတွေကို ပြသနိုင်မယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနကိုလည်း ရန်ကုန်မြို့မှာ ထူထောင်ထားရှိပါတယ်။





စားသုံးသူတွေရဲ့ ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ ပိုမိုထိရောက်စွာ အကာအကွယ်ပေးနိုင်မယ့် စားသုံးသူကာကွယ်ရေးဥပဒေသစ်တစ်ရပ်ကိုလည်း လွှတ်တော်မှာ တင်ပြထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ စားသုံးသူအတွက် သတင်းအချက်အလက်နဲ့ တိုင်ကြားမှုဌာနတွေကို ထူထောင်ထားပြီး အစားအသောက်အပိုင်းရော၊ ဝန်ဆောင်မှုအပိုင်းမှာပါ ထိခိုက်နစ်နာမှုများအတွက် ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်။ ဝန်ကြီးဌာနကနေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူစေရေးနဲ့ ပြည်တွင်းအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ဖို့အတွက်လည်း မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။

**အစီအစဉ်မှူး။** ။ ဆက်လက်ပြီးတော့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ရှိပြည်ပကုန်သွယ်မှုအခြေအနေ၊ မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်တွေနဲ့ ဘယ်လိုတင်ပို့နေသလဲ၊ ဘယ်နိုင်ငံတွေကို အဓိကတင်ပို့နေသလဲဆိုတာတွေ၊ အဓိကသွင်းကုန်တွေနဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ အကြောင်းကိုလည်း ပြောပြပေးပါဦး။

**ဦးရန်နိုင်ထွန်း။** ။ ကုန်သွယ်မှုတိုးတက်တဲ့ အခြေအနေကိုမပြောမီ မနှစ်က ကုန်သွယ်မှုအခြေအနေကနေ စပြီးပြောကြားလိုပါတယ်။ မနှစ်က ကုန်သွယ်မှုဟာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက် အမြင့်ဆုံးကုန်သွယ်မှု ရခဲ့ပါတယ်။ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃ ဘီလီယံ ရခဲ့ပါတယ်။ ဆန်တင်ပို့မှုဆိုရင် တန်ချိန် ၃ ဒသမ ၅၉ သန်းအထိ တင်ပို့ခဲ့ပြီး ပြောင်းတင်ပို့မှုဟာ တန်ချိန် ၁ ဒသမ ၄ သန်းအထိ စံချိန်သစ်တင် တင်ပို့နိုင်ခဲ့ပါတယ်။ ရေထွက်ကုန်ဆိုရင်လည်း အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်တင်ပို့နိုင်တာဟာ စံချိန်သစ်တွေပါပဲ။ ဒီနှစ်မှာတော့ ကာလတိုဘတ်ဂျက် ကုန်သွယ်မှုအနေနဲ့ ယခုလကုန်ဆိုရင် လေးလပြည့်သွားပါပြီ။ ဇူလိုင်လကုန်အထိ ကုန်သွယ်မှုပမာဏက ၁၁ ဒသမ ၅၇ ဘီလီယံ ရရှိထားပါတယ်။ မနှစ်က ကာလတူ ကုန်သွယ်မှုထက် ၁ ဒသမ ၆၃ ဘီလီယံလောက် ပိုများလာခဲ့ပါတယ်။ အဲဒီလိုများပြားတာက တိရစ္ဆာန်နဲ့ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းက သန်း ၁၀၀ ကျော်လောက်တက်လာခဲ့ပြီး သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောတင်ပို့မှုတွေဟာလည်း မြင့်တက်လာခဲ့ပါတယ်။

### ဈေးကွက် ရှာဖွေ

စက်မှုကုန်ချောဆိုတဲ့နေရာမှာ CMP လို့ခေါ်တဲ့ လက်ခစားအထည်ချုပ်ပါမယ်၊ သကြားပါမယ်၊ ဓာတ်ငွေ့ပါမယ်။ ဒီလိုရလဒ်ဖြစ်လာအောင် ဦးတည်ချက်လေးရပ် ချမှတ်ဆောင်ရွက်နေပါတယ်။ ပထမဆုံးကတော့ ဈေးကွက်ရှာဖွေဖို့ ဖြစ်ပါတယ်။ ဈေးကွက်ရရှိရေးအတွက် လေ့လာမှုတွေ၊ သုံးသပ်မှုတွေပြုလုပ်ရပါတယ်။ နောက်တစ်ဆင့်ကတော့ ထုတ်လုပ်မှုပိုင်းဖြစ်ပါတယ်။ ဥပမာ ပြည်တွင်းမှာ ကျွန်တော်တို့ ထုတ်လုပ်နိုင်တဲ့ဟာ ဘာရှိသလဲဆိုတာ ဖော်ထုတ်ရပါတယ်။ လိုအပ်ချက်အရ ကိုယ့်နိုင်ငံမှာ မထုတ်လုပ်နိုင်တဲ့ ကုန်စည်တွေကို ဘယ်လိုနေရာမျိုးတွေကနေ ရနိုင်မလဲဆိုတာ ရှာဖွေရပါတယ်။ တစ်ဆင့်ခံကုန်သွယ်မှုလို၊ Re-export လို သယ်ဆောင်ပြီးတော့ ဈေးကွက်ရှိတဲ့နိုင်ငံကို ဘယ်လိုနည်းနဲ့ ပို့လို့ရနိုင်မလဲဆိုတာ စဉ်းစားရပါတယ်။ နောက်တစ်ခုက ဒီလိုဈေးကွက်ရှိတဲ့ ကုန်ပစ္စည်းတွေကို ကျွန်တော်တို့ရဲ့ ကုန်သွယ်ဖက်နိုင်ငံတွေ လွယ်လွယ်ကူကူ ရောင်းချနိုင်အောင် ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းမှုတွေလည်း ဆောင်ရွက်ရပါတယ်။

လက်ရှိကျွန်တော်တို့ နိုင်ငံရဲ့ကုန်သွယ်မှုဟာ ပုဂ္ဂလိက ကဏ္ဍက အဓိကမောင်းနှင်မှုဖြစ်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော်ရှိနေတဲ့ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖွံ့ဖြိုးဖို့ ဘယ်လိုလုပ်မလဲဆိုတာကိုလည်း စဉ်းစားဆောင်ရွက်ရပါတယ်။ ဈေးကွက်ရှာဖွေတဲ့အခါ ကျွန်တော်တို့နိုင်ငံဟာ အိမ်နီးချင်းနိုင်ငံကြီးနှစ်ခုအကြားမှာ ရှိနေတဲ့အတွက် ဈေးကွက်အကြီးကြီး ဖြစ်နေပါတယ်။ ဈေးကွက်ကြီးတွေရဲ့ လိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းမလဲ စဉ်းစားတဲ့အခါ နိုင်ငံထဲမှာရှိနေတဲ့ ကုန်ထုတ်လုပ်မှုကနေပြီးတော့ လယ်ယာထွက်ကုန်လိုဟာမျိုး တင်ပို့နိုင်မှုမျိုးတွေ ဆောင်ရွက်ရသလို တစ်ဖက်မှာလည်း ဈေးကွက်ရှိတဲ့ သကြားတို့ စက်သုံးဆီတို့လို ကုန်စည်တွေကို Re-export စနစ်နဲ့ တင်ပို့နိုင်ဖို့အတွက် ဆောင်ရွက်ပါတယ်။

ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရာမှာ ကျွန်တော်တို့ရဲ့ စီးပွားရေးသံမှူးများ၊ နိုင်ငံအကြီးအကဲရဲ့ ပြည်ပခရီးစဉ်၊ ဝန်ကြီးနဲ့ ဒုတိယဝန်ကြီးတို့ရဲ့ ခရီးစဉ်တွေအတွင်းမှာ စေ့စပ် ညှိနှိုင်းရတာတွေရှိပါတယ်။ ဒါတွေက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတွေဖြစ်ပါတယ်။ ကုန်သွယ်ရေးရဲ့ အဓိကကတော့ ပုဂ္ဂလိကကဏ္ဍဖြစ်တာမို့ ယင်းကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဒုတိယသမ္မတ (၁) ဦးဆောင်ပြီး ဥက္ကဋ္ဌအနေဖြင့် ပါဝင်ဆောင်ရွက်ပြီး ဝန်ကြီးဌာနတွေ၊ အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ကြလို့ အခုလိုကုန်သွယ်မှု မြင့်မားလာခဲ့တာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါခင်ဗျ။ ဆက်လက်ပြီးတော့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က ကုန်သွယ်မှုတိုးတက်ရေးနဲ့ ပတ်သက်ပြီး အမျိုးသားပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်နေတဲ့ အခြေအနေနဲ့ မကြာမီ ကျင်းပမယ့် အာဆီယံ-တရုတ် ကုန်စည်ပြပွဲမှာ မြန်မာနိုင်ငံက ပါဝင်ပြသမယ့် အကြောင်းတွေကို ပြောပြပေးစေလိုပါတယ်။

**ဦးအောင်စိုး။** ။ ကျွန်တော့်ဌာနက မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လုပ်ငန်းတွေ စတင်ဆောင်ရွက်ပါတယ်။ နိုင်ငံတိုင်းမှာ ကုန်သွယ်မှုမြှင့်တင်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ပေးမယ့် Promote လုပ်ပေးမယ့် အဖွဲ့အစည်းတွေလိုအပ်ပါတယ်။ အခြားနိုင်ငံတွေမှာတော့ လွန်ခဲ့တဲ့နှစ် ၅၀ကျော်၊ ၆၀ လောက်ကတည်းက ဖွဲ့လာခဲ့တာပါ။ ဒီမှာတော့ ဒီ Function ကို အရင်က ညွှန်ကြားရေးမှူးအဆင့်နဲ့ ကိုင်တွယ်ရာကနေ အခုတော့ ညွှန်ကြားရေးမှူးချုပ်အဆင့် ကိုင်တွယ်ပြီး အရှိန်မြှင့်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

### ပို့ကုန်ရွေးချယ်

ဌာနရဲ့ အဓိကလုပ်ငန်းက စီးပွားရေးတိုးတက်စေဖို့အတွက် ပို့ကုန်ကဦးဆောင်တဲ့စီးပွားရေးကို သွားမယ်ဆိုပြီး ရည်ရွယ်ပါတယ်။ ဒါကြောင့် ပို့ကုန်မြှင့်တင်ရေးအတွက် အဓိကရည်မှန်းချက်နှစ်ရပ် ထားရှိပါတယ်။ တကယ်မြှင့်တင်ရာမှာလည်း ဈေးကွက်စီးပွားရေးဖြစ်တာကြောင့် ပုဂ္ဂလိကလုပ်ငန်းတွေရဲ့ ယှဉ်ပြိုင်မှုတွေ ပိုမိုတိုးတက်လာအောင် သူတို့ကိုအားပေးမြှင့်တင်တာနဲ့ ပို့ကုန်တွေဖွံ့ဖြိုးလာဖို့၊ အရည်အသွေးတွေ မြင့်မားဖို့ လုပ်ဆောင်ပါတယ်။ အထူးသဖြင့် Made In Myanmar ပေါ့။ မြန်မာပြည်က ထုတ်လုပ်တဲ့ ကုန်စည်တွေ ဖွံ့ဖြိုးလာဖို့ လုပ်ဆောင်ပါတယ်။ ပို့ကုန်ကို စနစ်တကျဖွံ့ဖြိုးအောင် အမျိုးသားပို့ကုန်မဟာဗျူဟာကို ရေးဆွဲအကောင်အထည်ဖော်တယ်။ အဲဒီမှာ အဓိကအချက်က ပို့ကုန်ဖွံ့ဖြိုးရေး၊ ဒုတိယက ယှဉ်ပြိုင်နိုင်ဖို့ပါပဲ။ ပစ္စည်းမရှိရင် ဘယ်လိုမှ ယှဉ်ပြိုင်လို့မရပါဘူး။ ဒီနှစ်ခုကို အလေးပေးရပါတယ်။

ဘယ်လိုပို့ကုန်တွေ တင်ပို့မလဲဆိုတာ ရွေးချယ်ရပါတယ်။ ပို့ကုန်ရွေးချယ်ရာမှာလည်း ကဏ္ဍတွေ ခွဲခြားထားပါတယ်။ ဥပမာပြောရရင် မပါမဖြစ်တဲ့ အစဉ်အလာပို့ကုန်ဖြစ်တဲ့ ဆန်က အဓိကဖြစ်ပါတယ်။ မဟာဗျူဟာကို စတင်ရေးဆွဲတာက ၂၀၁၃ ခုနှစ်ကတည်းကပါ။ ၂၀၁၅ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ခဲ့ပြီး ငါးနှစ်စီမံကိန်းဖြစ်တဲ့အတွက် ၂၀၁၉ ခုနှစ်မှာ ပြီးဆုံးမှာပါ။ စီမံကိန်းကာလအတွင်း ဆန်တင်ပို့မှုဟာဆိုရင် သိသိသာသာ တက်လာပါတယ်။ ပုဂ္ဂလိက၊ အစိုးရ အားလုံး ပူးပေါင်းဆောင်ရွက်ခဲ့လို့သာ အခုလို မြင့်တက်ရတာဖြစ်ပါတယ်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ သစ်တောထွက်ကုန်နဲ့ ရော်ဘာ၊ အထည်ချုပ် စတာတွေဆိုလည်း တင်ပို့မှု သိသိသာသာ မြင့်တက်လာပါတယ်။

ဒါ့အပြင် ပို့ကုန်တွေကို အားပေးတဲ့အရာတွေဖြစ်တဲ့ စက်မှုလုပ်ငန်းတွေလည်း လိုအပ်ပါတယ်။ အရေးအကြီးဆုံးကတော့ ငွေကြေးပါပဲ။ သူတို့က ချေးငွေတွေရရှိဖို့ လိုအပ်တယ်။ ဒါကြောင့် Access to Finance ကိုလုပ်တယ်။ Trade Information and Promotion ကို ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ဆီမှာ အခြေခံအကျဆုံး လိုအပ်ချက်က သတင်းအချက်အလက်ပါပဲ။

လိုအပ်တဲ့အချက်အလက်တွေကို ပြည်တွင်း၊ ပြည်ပကနေ ရနိုင်သမျှရအောင် စုဆောင်းပေးတယ်။ Promotion ကတော့ ကုန်စည်ပြပွဲမျိုးတွေလုပ်ပေးတယ်။ နောက်ဆုံးအရေးကြီးတာကတော့ Trade Facilitation and Logistic ကောင်းအောင်၊ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးပါတယ်။ ဒါကလည်း အလွန်ကျယ်ပြန့်ပါတယ်။ အခြေခံအဆောက်အအုံတွေပါလာတယ်။ နောက်ဆုံးအရေးကြီးတာကတော့ အရည်အသွေးပါပဲ။

စာမျက်နှာ ၁၁ သို့

# ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွတ် ဝီနိုင်း ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် (၉)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်အစည်းအဝေးနှင့် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၇၀)ပြည့်အထိမ်းအမှတ် အခမ်းအနားများ တက်ရောက်ရန်အတွက် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုကြသည်။

**သတင်းစဉ်**

❐ စာမျက်နှာ ၁၀ မှ

### အရည်အသွေးကို မြှင့်တင်

ကျွန်တော်တို့မှာ ပစ္စည်းရှိတယ်၊ ဈေးကွက်ရှိတယ်ဆိုရင် ရောင်းရင် ကြိုက်အောင် အရည်အသွေးကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် Quality Management Sector ကိုလည်း ထည့်သွင်းထားပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေဟာ အမျိုးသားပို့ကုန်မဟာဗျူဟာရဲ့ အဓိကအခန်းကဏ္ဍတွေ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး၊ ပုဂ္ဂလိကကဏ္ဍကလည်း ထပ်ထည့်ပါဆိုပြီး တင်ပြလာတဲ့အတွက် သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်ကို ဖော်ဆောင်ပါတယ်။ အခုဆိုရင် ဖရဲသီး၊ သရက်သီး၊ ငှက်ပျောသီး စတာတွေအပြင် ထောပတ်သီးကိုပါ တင်ပို့လာရပါတယ်။ လက်မှုအနုပညာပစ္စည်းတွေ၊ ကျောက်မျက်ရတနာ အချောထည်တွေကိုလည်း ထည့်သွင်းဖို့ ဆောင်ရွက်နေပါတယ်။ Trade Policy ကလည်း ခွင့်ပြုပြီးဖြစ်တဲ့အတွက် အရင်က ကျောက်အရိုင်းတွေကိုပဲ တင်ပို့ရာကနေ အခု ကုန်ချောကိုပါ တင်ပို့သွားဖို့ရှိပါတယ်။

နောက်ထပ် စိုက်ပျိုးရေးသီးနှံတွေကို Value Added ပြုလုပ်ပြီး Agrofood Processing ကဏ္ဍ ထပ်ထည့်ဖို့ ရှိတယ်။ ဥပမာဆိုရင် ကော်ဖီ၊ သစ်သီးခြောက်နဲ့ သစ်သီးယိုတွေဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ အီးကော့မားစ် (e-Commerce) နဲ့ ပတ်သက်လို့ဖြစ်ပါတယ်။ ဒါကတော့ ထပ်ဖြည့်ရမယ့်အရာတွေပါ။ ကုန်သွယ်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး သတင်းအချက်အလက်တွေကို ဖလှယ်ဖို့ ပြည်တွင်းမှာဆိုရင် ကုန်သွယ်မှု ဗဟိုဌာနတွေရှိပြီး ပြည်ပမှာဆိုရင် စီးပွားရေးသံအရာရှိ တွေက သတင်းဖြန့်ဖြူးရေး၊ ဈေးကွက်မြှင့်တင်ရေးတွေကို လုပ်ဆောင်ပေးကြပါတယ်။

### ခန်းမကျယ်ကြီးတည်ဆောက်ဖို့ စီစဉ်နေ

ကုန်စည်ပြပွဲဆိုတာကလည်း ပို့ကုန်မြှင့်တင်ရေးရဲ့ အဓိက လုပ်ရှားမှုတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့က ပို့ကုန်မြှင့်တင်ဖို့ မြန်မာလုပ်ငန်းရှင်တွေအတွက် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲတွေ ကျင်းပပေးပါတယ်။ အားလုံး ပါဝင်အောင်လည်း ကူညီပေးတယ်။ အရင်က တစ်လနေလို့ တစ်ပွဲတောင်မရှိခဲ့ပါဘူး။ အခုနောက်ပိုင်းမှာ ပြပွဲကျင်းပမယ့်ခန်းမတွေ ရက်ရဖို့တောင် ခက်ခဲတဲ့အထိ ကုန်စည်ပြပွဲတွေကို မကြာခဏ ကျင်းပပေးလျက်ရှိပါတယ်။ ဒါကြောင့် မကြာမီမှာပဲ နိုင်ငံတကာအဆင့်မီ ကုန်စည်ပြပွဲတွေ ကျင်းပနိုင်တဲ့ ခန်းမကျယ်ကြီးတစ်ခုကို တည်ဆောက်ဖို့အတွက် စီစဉ်နေပါတယ်။

### စီစဉ်ဆောင်ရွက်ပေးနေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ လက်ခံကျင်းပတဲ့ အာဆီယံ-တရုတ် ကုန်စည်ပြပွဲက နှစ်တိုင်းကျင်းပပါတယ်။ အခုက (၁၅)ကြိမ်မြောက် ကျင်းပမှာဖြစ်ပြီးတော့ မြန်မာနိုင်ငံကလည်း နှစ်စဉ်နှစ်တိုင်း သွားရောက်ပြသပါတယ်။ ဒီနှစ်မှာ ပြခန်း ၁၆၅ ခုအထိ ပြသသွားဖို့ရှိပါတယ်။ လုပ်ငန်းရှင်တွေကိုလည်း နှစ်တိုင်းဖိတ်ခေါ်ပြီး လိုအပ်ရင် လေယာဉ်စင်းလုံးငှားပြီး သွားလာရေးအတွက် လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ ဒီနှစ်မှာ အမျိုးသားပြခန်းဆောင် အနေနဲ့က ကရင်ပြည်နယ် ဘားအံမြို့ရဲ့သာယာလှပမှုကို ပြသသွားမှာဖြစ်ပါတယ်။ အခြားသော ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲတွေကိုလည်း စီစဉ်ချိတ်ဆက်ပြီး သွားရောက်ပြသလျက်ရှိပါတယ်။ မကြာမီမှာ ရှန်ဟိုင်း၊ ပေကျင်းနဲ့ ဥရောပ ဒေသတွေအထိ သွားရောက်ပြသဖို့တွေလည်း ရှိပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေအနေနဲ့ ပြည်တွင်း၊ ပြည်ပ ဘယ်မှာပဲဖြစ်ဖြစ် ကုန်စည်ပြပွဲတွေ ပြသချင်တယ်ဆိုရင် စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု(ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်-၂၀၁၈) ရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်သူများစာရင်းထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာ-ဂျပန်(MJA)၏ ပညာရည်ထူးချွန်ဆု(ဂျပန်နိုင်ငံလေ့လာရေးခရီးစဉ် -၂၀၁၈) အတွက် ဘက်စုံထူးချွန်သူ ၁၈ ဦးအား ရွေးချယ်ပြီး ဂျပန်နိုင်ငံသို့ ရှစ်ညအိပ်၊ ကိုးရက်ကြာ လေ့လာရေးအစီအစဉ်(Home Stay အပါအဝင်)ကို အောက်တိုဘာလဆန်းတွင် စေလွှတ်သွားမည်ဖြစ်ရာ ပညာရည်ထူးချွန်ဆုအတွက် အဆိုပြုလွှာတင်သွင်းခွင့် သတ်မှတ်ချက်ပြည့်မီပြီး သတ်မှတ်ရက်တွင် အဆိုပြုလွှာများ ပြန်လည်ပေးပို့ခဲ့သည့်အနက်မှ သတ်မှတ်အဆင့် အရည်အချင်းပြည့်မီသူ နိုင်ငံခြားဘာသာတက္ကသိုလ်မှ ၃၀ နှင့် ၂၀၁၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများမှ ၄၅ ဦး၊ ပေါင်း ၇၅ ဦးအား မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် လူတွေ့စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အသင်း၏ရွေးချယ်ရေးကော်မတီသည် ဘက်စုံထူးချွန်သူ ၁၈ ဦးအား အတည်ပြုရွေးချယ်ခဲ့ကြောင်းနှင့် ၎င်းတို့မှာ-

**ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်(YUFL)**

| | | |
|---|---|---|
| (၁) | မအေးမြန္နာ | (တတိယနှစ်၊ ဂျပန်ဘာသာ) |
| (၂) | မအိအိခိုင် | (တတိယနှစ်၊ ဂျပန်ဘာသာ) |
| (၃) | မမေဖြူစင် | (တတိယနှစ်၊ ဂျပန်ဘာသာ) |

**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်(MUFL)**

| | | |
|---|---|---|
| (၄) | မယဉ်မေဦး | (တတိယနှစ်၊ ဂျပန်ဘာသာ) |
| (၅) | မအေးမီကျော် | (တတိယနှစ်၊ ဂျပန်ဘာသာ) |
| (၆) | မသဥ္ဇာပြည့်ဖြိုးသန့် | (တတိယနှစ်၊ ဂျပန်ဘာသာ) |

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်သူများမှ**

| | | |
|---|---|---|
| (၇) | မသင်းမြန္မေ | (အထက-၁၊ ဒဂုံ၊ ရန်ကုန်) |
| (၈) | မမိုးစမ်းညို | (ကပက-မျိုးညွန့်၊ မန္တလေး) |
| (၉) | မဖူးပွင့်ငွေစင် | (အထက-၂၊ ကမာရွတ်၊ ရန်ကုန်) |
| (၁၀) | မထက်ထက်နိုင်ဝင်း | (ကပက-ကြယ်တံခွန်၊ ဟသ်ာတ) |

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်သူများမှ**

| | | |
|---|---|---|
| (၁၁) | မအိန္ဒြာမိုးဦး | (ကပက-CAE၊ နေပြည်တော်) |
| (၁၂) | မောင်ဝေဟန် | (အထက-၄၊ တောင်ကြီး၊ ရှမ်းပြည်နယ်) |
| (၁၃) | မောင်အောင်ကောင်းထက် | (ကပက-စိုးစံ၊ နေပြည်တော်) |
| (၁၄) | မစုစန္ဒာထွန်း | (ကပက-ကန်စွန်းအင်း၊ မြိတ်၊ တနင်္သာရီတိုင်းဒေသကြီး) |
| (၁၅) | မသန်းသန်းဆင့် | (ကပက-ရာပြည့်၊ မြစ်ကြီးနား၊ ကချင်ပြည်နယ်) |
| (၁၆) | မောင်ဇော်လူထက် | (အထက-၂၊ စစ်တွေ၊ ရခိုင်ပြည်နယ်) |
| (၁၇) | မသီရိစိုးစံ | (အထက-၁၊ ရေနံချောင်း၊ မကွေးတိုင်းဒေသကြီး) |
| (၁၈) | မနော်စင်မြဖူး | (အထက-၂၊ ဘားအံ၊ ကရင်ပြည်နယ်) |

ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံကူးလက်မှတ်ပြုလုပ်ရေး၊ ဂျပန်ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရေး အပါအဝင် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရန်အတွက် မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်)ဖုန်း ၀၉-၄၂၁၁၆၂၃၃၁ သို့ အမြန်ဆုံးဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်အတွေးအမြင်ကောင်းများရရှိစေဖို့ အားပါးတရ နွှဲပျော်ကြတဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်



**မန္တလေး ဩဂုတ် ၁၃**

မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအပြင် လူငယ်အဖွဲ့အစည်းအသီးသီးကလည်း အနာဂတ်မျှော်လင့်ချက်များဖြင့် စိတ်ပါဝင်စားစွာလာရောက်လေ့လာကြည့်ရှုလျက်ရှိရာ ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် ဩဂုတ် ၁၃ ရက်တွင် နေ့ရောညပါအထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ မန္တလေးတက္ကသိုလ်မှာ နိုင်ငံတော်အဆင့် အခုလိုပွဲတော်ကြီးကို စည်စည်ကားကားနဲ့တွေ့ရတဲ့အတွက် အားရကျေနပ်မှုရှိပါတယ်။ အချို့နေရာတွေမှာ လစ်ဟာမှုတွေရှိပေမယ့် နောင်ပွဲတော်တွေမှာ အခုပွဲရဲ့အတွေ့အကြုံယူပြီး ပြင်ဆင်သွားပါ့မယ်။ လာရောက်လေ့လာသူ များပြားတဲ့အတွက် ပွဲတော်အချိန်ကို ညပိုင်း ၈ နာရီအထိ တိုးမြှင့်ပေးခဲ့တယ်။ တစ်နေ့ကို လူအင်အား ၁၀၀၀၀ ကျော် လာရောက်လေ့လာကြည့်ရှုခဲ့ကြတယ်" ဟု မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ပြောသည်။

ထို့အပြင် မန္တလေးတတက္ကသိုလ် အင်္ဂလိပ်စာဒုတိယနှစ်ကျောင်းသူ မလင်းနန္ဒာကျော်ကလည်း "ဒီပွဲတော်မှာ ကျွန်မတို့အင်္ဂလိပ်စာဌာနက မဟာအရည်အချင်းစစ်သင်တန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ တတိယနှစ်ဂုဏ်ထူးတန်း ကျောင်းသားကျောင်းသူတွေ စုပေါင်းပြီး ပွဲတော်နဲ့သက်ဆိုင်တဲ့ သတင်း၊ ဆောင်းပါး၊ ကာတွန်းတွေကို အင်္ဂလိပ်ဘာသာနဲ့ ပွဲတော်ကာလအတွင်း ထုတ်ဝေဖြန့်ချိခဲ့တယ်။ ဒီပြခန်းအသီးသီးကို တက္ကသိုလ်၊ ကောလိပ်တွေသာမက အခြေခံပညာကျောင်းတွေနဲ့ ကိုယ်ပိုင်ကျောင်းတွေကပါ လာရောက်လေ့လာတဲ့အတွက် အားရကျေနပ်မိပါတယ်။ သူတို့အနာဂတ်အတွက် ရွေးချယ်စရာတွေကို ဒီပွဲတော်ကနေသိသွားကြမှာပါ။ ပထမကတော့ အနုပညာပြခန်းတွေကို အများဆုံးသွားရောက်လေ့လာခဲ့ပါတယ်။ လူငယ်တွေအနာဂတ်အတွက် အခုလိုပွဲတွေ မကြာခဏ ကျင်းပပေးသင့်ပါတယ်"ဟု ပြောသည်။

"ဒီပွဲတော်ကို ကျောင်းကသွားရောက်လေ့လာဖို့ ပြောသလို ကျွန်တော်ကိုယ်တိုင်ကလည်း ဗဟုသုတ ရချင်လို့လာတာပါ။ ကျွန်တော်တို့က နောက်နှစ်ဆိုရင် တက္ကသိုလ်ကို တက်ရောက်ရတော့မှာဆိုတော့ ကိုယ်ဝါသနာပါတဲ့တက္ကသိုလ်နဲ့ ဘာသာရပ်ကို ရွေးချယ်ရအောင်လေ့လာတာပါ။ ကျွန်တော်တို့ သူငယ်ချင်းတွေ လေ့လာခဲ့ရတဲ့အထဲမှာ အနုပညာပြခန်း၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွေနဲ့ စက်ရုပ်နဲ့ လိုသလိုခိုင်းစေနိုင်တဲ့တီထွင်မှုတွေကို စိတ်ဝင်စားပါတယ်။ ဒီပွဲတော်ကို လာရောက်လေ့လာတဲ့အတွက် အမြင်ကျယ်ပြီး တီထွင်နိုင်စွမ်းနဲ့အတွေးအခေါ်တွေ ကောင်းလာမယ်လို့ မျှော်လင့်မိပါတယ်" ဟု ပင်မကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသား မောင်မင်းခန့်ဖြိုးက ပြောသည်။

အဆိုပါပွဲတော်သည် လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ဖြစ်သည်နှင့်အညီ တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများ၏ဘာသာရပ်ဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှလည်း အသိပညာပေးပြခန်းများ၊ စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများနှင့်အတူ စာအုပ်အရောင်းဆိုင်များနှင့် ဖျော်ဖြေရေးဆိုင်ရာအစီအစဉ်များ ထည့်သွင်းထားသည့်အတွက် ဘက်စုံပြည့်စုံကောင်းမွန်သည့် ပွဲတော်တစ်ခုဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**
**တင်မောင်(မန်းကိုယ်ပွား)**

# တောင်နှင့်မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ စက်တင်ဘာလတွင် ပြုံယမ်း၌ ကျင်းပမည်

**ဆိုးလ် ဩဂုတ် ၁၃**
တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံတို့၏ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာလတွင် ကျင်းပရန် သဘောတူညီလိုက်ကြောင်း၊ ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသော စစ်မဲ့ဇုန်၌ နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ အဆင့် ဆွေးနွေးပွဲတွင် ယင်းသို့သဘောတူညီချက် ရရှိခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းအေဂျင်စီက ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တောင်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံ၏ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာလအတွင်း ပြုံယမ်းမြို့၌ကျင်းပရန် နှစ်နိုင်ငံ တာဝန်ရှိသူများ သဘောတူညီခဲ့ကြကြောင်း စစ်မဲ့ဇုန်၌ ပြုလုပ်သည့် အစည်းအဝေးအပြီး ထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ သို့ရာတွင် ထိပ်သီးဆွေးနွေးပွဲပြုလုပ်မည့် နေ့ရက်အတိအကျကို ဖော်ပြထားခြင်းမရှိပေ။

မြောက်ကိုရီးယားနိုင်ငံ၏ မြို့တော်သို့ တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းသွားရောက်မည့် ခရီးစဉ်သည် ဆယ်စုနှစ် တစ်စုကျော်ကာလအတွင်း တောင်ကိုရီးယားခေါင်းဆောင်တစ်ဦး၏ ပထမဆုံးခရီးစဉ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ ကိုရီးယားကျွန်းဆွယ်၌ သံတမန်ရေးအရ တင်းမာမှုများ ပြေလျော့လာသည့်လက္ခဏာဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပြီးခဲ့သည့် ဧပြီလက နှစ်နိုင်ငံနယ်စပ်ရှိ ပန်မွန်ဂျုံကျေးရွာ၌ တောင်နှင့်မြောက်ကိုရီးယားခေါင်းဆောင်တို့၏ သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲ၌ ဆောင်းဦးပေါက်ရာသီအတွင်း ပြုံယမ်းမြို့သို့ မွန်းဂျယ်အင်း အလည်အပတ်သွားရောက်ရန် သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံစစ်မဲ့ဇုန်ရှိ ပန်မွန်ဂျုံကျေးရွာ၏ မြောက်ဘက်ခြမ်း နယ်မြေတွင် ဩဂုတ် ၁၃ ရက်ကပြုလုပ်သော အစည်းအဝေးသို့ တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေး ဝန်ကြီး ချိုမြောင်ကွမ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**အေအက်ဖ်ပီ**






# ကက်စပီယန်ပင်လယ်၏ နှုတ်ခမ်းသတ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ရရှိ

**မော်စကို ဩဂုတ် ၁၃**
ကက်စပီယန်ပင်လယ်၏ နှုတ်ခမ်းသတ်နိုင်ငံငါးနိုင်ငံတို့မှ ခေါင်းဆောင်များသည် ယင်းပင်လယ် အသုံးပြုခြင်းနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သွားနိုင်မည့် သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

**တက်ရောက်**

ကာဇက်စတန်နိုင်ငံရှိ အက်စ်တာမြို့၌ ဩဂုတ် ၁၂ ရက်က ကျင်းပသည့်ပဥ္စမအကြိမ် ကက်စပီယန်နိုင်ငံများ၏ ထိပ်သီးညီလာခံတွင် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ ထိပ်သီးညီလာခံသို့ အဇာဘိုင်ဂျန်၊ အီရန်၊ ကာဇက်စတန်၊ ရုရှားနှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့မှ သမ္မတများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုး**

ကက်စပီယန် ပင်လယ်အား ရေရှည် စဉ်ဆက်မပြတ် အသုံးပြုသွားနိုင်ရေးအတွက် ယင်းပင်လယ်၏ နှုတ်ခမ်းသတ်နိုင်ငံများ တစ်နိုင်ငံချင်းအလိုက် တာဝန်ယူဆောင်ရွက်သွားရမည့် တာဝန်ဝတ္တရားများ၊ ဥပဒေပါ အခွင့်အရေးများနှင့် ပတ်သက်နေသော နိုင်ငံတကာ သဘောတူညီချက် တစ်ရပ်ကို မိမိတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ရေလုပ်ငန်း၊ ရေနံပိုက်လိုင်း သွယ်တန်းခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များ အပါအဝင် ကက်စပီယန် ပင်လယ်အား ရေရှည် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ထိပ်သီးဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့ကြကြောင်း ရုရှားစပွတ်နစ် သတင်းအေဂျင်စီက ထုတ်ပြန်သော သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# ဆီးရီးယားရှိ သူပုန်များ သိမ်းယူထားသည့် မြို့တွင် လက်နက်ခဲယမ်းသိုလှောင်ရုံပေါက်ကွဲ၊ ၃၉ ဦး သေဆုံး

**ဘေရွတ် ဩဂုတ် ၁၃**
ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်းရှိ သူပုန်များ သိမ်းယူထားသည့် မြို့တစ်မြို့၌ ဩဂုတ် ၁၂ ရက်က လက်နက်ခဲယမ်း မီးကျောက်သိုလှောင်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးငယ် ဦးရေ တစ်ဒါဇင် အပါအဝင် အရပ်သား ၃၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားကြသည်။

ယင်းလက်နက်ခဲယမ်း သိုလှောင်ရုံ ပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရသေးကြောင်း၊ ခဲယမ်းသိုလှောင်ရုံ ပေါက်ကွဲမှုကြောင့် အဆောက်အအုံ နှစ်လုံးပြိုကျခဲ့ကြောင်း၊ တူရကီနယ်စပ်အနီး အီဒလစ်ပြည်နယ် ဆာမာဒါမြို့ရှိ ယင်းလက်နက်ခဲယမ်းသိုလှောင်ရုံ ပေါက်ကွဲမှုဖြစ်ပွားရာသို့ ရောက်ရှိနေသော အေအက်ဖ်ပီသတင်းထောက်က သတင်းပေးပို့သည်။

**ရှင်းလင်း**

ရှာဖွေကယ်ဆယ်ရေးသမားများက မြေထိုးစက်များကို အသုံးပြုကာ အဆောက်အအုံ အပြိုအပျက်များကို ရှင်းလင်းလျက်ရှိပြီး အပျက်အစီးများအောက် ပိတ်မိနေသူများကို ကယ်တင်နိုင်ရန် လုပ်ဆောင်နေကြောင်း အေအက်ဖ်ပီ သတင်းထောက်က သတင်းပေးပို့သည်။

အဆောက်အအုံ အပျက်အစီးများအောက်မှ သေဆုံးနေသူများ၏ ရုပ်အလောင်းများကို ပြန်လည်ထုတ်ယူနိုင်ပြီးနောက်တွင် သေဆုံးသူ ဦးရေ တိုးလာခဲ့ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့အကြီးအကဲ ရာမီ အဗ္ဗဒယ်ရာမန်က ပြောကြားသည်။

ဆာမာဒါမြို့ လူနေအဆောက်အအုံတစ်လုံးအတွင်း တည်ရှိသော လက်နက်ခဲယမ်း သိုလှောင်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှင်းလင်းစွာ မသိရသေးကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

သေဆုံးခဲ့သူ အများစုမှာ ဟေရက်တာဟီရာ အယ်ရှန်အမည်ရှိ စစ်သွေးကြွအုပ်စုမှ တိုက်ခိုက်ရေးသမားများ၏ မိသားစုဝင်များဖြစ်ကြောင်း၊ ယင်းဆီးရီးယား ဂျီဟတ်ဝါဒီ မဟာမိတ်အဖွဲ့ ခေါင်းဆောင်မှာ အယ်လ်ခိုင်ဒါ အဖွဲ့ဝင်ဟောင်း ဖြစ်ပြီး ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ဟွမ်းပြည်နယ်မှ အီဒလက်ပြည်နယ်သို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ ခေါင်းဆောင်က ပြောကြားသည်။

**အေအက်ဖ်ပီ**



# လွမ်ဘတ်ကျွန်းမြေငလျင် သေဆုံးသူ ၄၀၀ ကျော်ရှိ

**ဂျကာတာ ဩဂုတ် ၁၃**
အင်ဒိုနီးရှားနိုင်ငံ လွမ်ဘတ်ကျွန်းတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့ရသော အဆောက်အအုံများအောက်မှ သေဆုံးနေသူများ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိနေဆဲဖြစ်ခြင်းကြောင့် အဆိုပါ ငလျင်ကြောင့် သေဆုံးရသူဦးရေမှာ ၄၀၀ ကျော်အထိရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၃ ရက်တွင် ပြောကြားကြသည်။

ဩဂုတ် ၅ ရက်က အင်ဒိုနီးရှားနိုင်ငံ လွမ်ဘတ်ကျွန်းတစ်ခွင်တွင် ပြင်းအား ၆ ဒသမ ၉ ရှိ မြေငလျင်ကြီးတစ်ခု လှုပ်ခဲ့ရာ ထောင်ပေါင်းများစွာသော လူနေအိမ်များ၊ ဗလီဝတ်ကျောင်းများနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပြိုလဲပျက်စီးသွားခဲ့ရသည်။ အဆိုပါငလျင်ကြီးမလှုပ်မီ ရက်သတ္တတစ်ပတ်ကလည်း အဆိုပါ ကျွန်း၌ မြေငလျင်လှုပ်ခတ်မှုတစ်ကြိမ် ဖြစ်ပေါ်ခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ရသည်။

**ရွှေ့ပြောင်းပေး**

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်သားများက ပြိုပျက်သွားသော အဆောက်အအုံများ၏ အပျက်အစီးအပိုင်းအစများအောက်နှင့် မြေပြိုမှုများအောက်တွင် ပိနေသည့် ဘေးဒုက္ခသင့်သူများကို ရှာဖွေနေဆဲဖြစ်သည်။ လွမ်ဘတ်ကျွန်း မြေငလျင်ကြောင့် သေဆုံးသူဦးရေမှာ လတ်တလောတွင် ၄၃၆ ဦးရှိပြီး ထိခိုက် ဒဏ်ရာရသူ ၁၃၀၀ ကျော်ရှိကာ လူပေါင်း ၃၅၃၀၀၀ ဦးကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။

**အေအက်ဖ်ပီ**

# လာမည့်အပြောင်းအရွှေ့ကာလတွင် ပေါ့ဘာအား ဘာစီလိုနာ ခေါ်ယူမည်

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလကမူ ကွင်းလယ်ကစားသမား ပေါ့ဘာအားခေါ်ယူရန် ဘာစီလိုနာအသင်းက ပစ်မှတ်ထားခဲ့သော်လည်း မန်ယူအသင်းက ထွက်ခွာခွင့်မပြုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း၏ လာလီဂါပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းက လာမည့်နွေရာသီကာလတွင် ပီအက်စ်ဂျီတိုက်စစ်မှူး နေမာကို ခေါ်ယူမည်ဟု သတင်းများထွက်ပေါ်လာချိန်တွင် ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ပေါ့ဘာကိုခေါ်ယူမည်ဟုပြန်လည်တုံ့ပြန်လာခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမားပေါ့ဘာသည် မန်ယူအသင်းနှင့်အတူ ၉၆ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှု ၁၈ ကြိမ်အထိပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်းသည် ကွင်းလယ်ကစားသမား အင်နီယေစတာကို အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ပြီးနောက် ကွင်းလယ်တိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် ကော်တင်ဟိုနှင့်အတူ တွဲဖက်ကစားနိုင်မည့် ဗီဒယ်ကိုလည်း ခေါ်ယူထားခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ကွင်းလယ်ပိုင်းအားပြုသည့်အသင်းဖြစ်၍ မန်ယူကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူရန် ထပ်မံပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။






# ဘာစီလိုနာအသင်း စပိန်စူပါဖလား ၁၃ ကြိမ်မြောက်ဆွတ်ခူး

စပိန်လာလီဂါဖလားချန်ပီယံအသင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် စပိန်ကိုပါဒယ်ရေးဖလားချန်ပီယံ ဆီဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်စူပါဖလားပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဆီဗီလာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ဆီဗီလာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ပွဲကစားချိန် ၄၂ မိနစ်တွင် ရရှိခဲ့သည့် နောက်တန်းကစားသမားပီကေးနှင့် ပွဲကစားချိန် ၇၈ မိနစ်တွင် သွင်းယူခဲ့သည့် တိုက်စစ်မှူး ဒမ်ဘီလီ၏ သွင်းဂိုးတို့ဖြင့် နှစ်ဂိုးရရှိခဲ့ပြီး ဆီဗီလာအသင်းမှာမူ ပွဲကစားချိန် ၉ မိနစ်တွင် သွင်းခဲ့သည့် သွင်းဂိုးတစ်ဂိုးသာ ရရှိခဲ့သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းက ဆီဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ စပိန်စူပါဖလားကို ရယူနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းမှာ စပိန်စူပါဖလားကို ၁၃ ကြိမ်မြောက်ရရှိခဲ့ပြီလည်းဖြစ်သည်။

ဆီဗီလာအသင်းသည် ပွဲကစားချိန်မိနစ် ၉၀ တွင်ရရှိခဲ့သည့် ပင်နယ်တီလွဲခဲ့ရခြင်းကြောင့်သာ သရေတစ်မှတ်ရရှိမည့်အခွင့်အရေးနှင့် လွဲခဲ့ရခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအတွက် စပိန်စူပါဖလားသည် ၁၃ ကြိမ်မြောက်ရရှိခဲ့ခြင်းဖြစ်ပြီး လီယွန်နယ်မက်ဆီအတွက်မူ ဘာစီလိုနာအသင်းနှင့်အတူ ဆုဖလားစုစုပေါင်း ၃၃ ကြိမ်မြောက်အထိ ရယူနိုင်ခဲ့သည့် ကစားသမားအဖြစ်မှတ်တမ်းဝင်ခဲ့ကာ ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုအများဆုံးကစားသမားလည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါဖလား ကိုးကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလားခြောက်ကြိမ်၊ စပိန်စူပါဖလား ရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားလေးကြိမ်၊ ဥရောပစူပါဖလားသုံးကြိမ်နှင့် ကမ္ဘာ့ကလပ်အသင်းများဖလားသုံးကြိမ်အထိ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာကစားသမားဘဝတွင် စုစုပေါင်းဆုဖလား ၃၃ ကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ကွင်းလယ်ကစားသမား အင်နီယေစတာမှာ ဘာစီလိုနာအသင်းနှင့် ဆုဖလား ၃၂ ကြိမ်ရယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူး မက်ဆီနှင့် ကွင်းလယ်ကစားသမား အင်နီယေစတာတို့၏ နောက်တွင် ဂျာရတ်ပီကေးနှင့် ဆာဂျီယိုဘတ်စကွက်တို့က ဆုဖလား ၂၈ လုံးစီဖြင့် ဆုဖလားရယူပေးနိုင်မှုတတိယနေရာတွင် ရပ်တည်လျက်ရှိပြီး ပီကေးနှင့် ဘတ်စကွက်တို့မှာ ဘာစီလိုနာအသင်းနှင့်အတူ နောက်ထပ်ဆုဖလားများရယူပေးနိုင်မည့်အခွင့်အရေးများရှိနေခဲ့သော်လည်း ကွင်းလယ်ကစားသမား အင်နီယေစတာမှာ ဘာစီလိုနာအသင်းမှ ထွက်ခွာသွားခဲ့ပြီဖြစ်၍ ဆုဖလား ၃၂ လုံးဖြင့် ရပ်တန့်သွားခဲ့ပြီဖြစ်သည်။

ငွေကြယ် - ရေးသားသည်

# ဘိုင်ယန်မြူးနစ်အသင်း ဂျာမန်စူပါဖလားဆွတ်ခူး ဘိုင်ယန်အတွက် လီဝန်ဒိုစကီး ဟက်ထရစ်သွင်းယူ

ဂျာမန်ဘွန်ဒက်လီဂါဖလား ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမန်ပိုကယ်ဖလားချန်ပီယံဖရန့်ဖက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ဂျာမန်စူပါဖလားပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ဖရန့်ဖက်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဖရန့်ဖက်အသင်းတို့၏ ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၂၁ မိနစ်၊ ၂၆ မိနစ်နှင့် ၅၄ မိနစ်တို့တွင် တိုက်စစ်မှူး လီဝန်ဒိုစကီးက သုံးဂိုးဆက်တိုက်သွင်းယူကာ ဟက်ထရစ်သွင်းယူပေးခဲ့ပြီး ပွဲကစားချိန် ၆၃ မိနစ်တွင် ကင်စလေကိုမန်းနှင့် ၈၅ မိနစ်တွင် အယ်လ်ကန်တာရာတို့က သွင်းယူပေးခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ယခုပွဲစဉ်တွင် ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

ဂျာမန်စူပါဖလားရရှိမှုမှတ်တမ်းကို ကြည့်မည်ဆိုပါက ဘိုင်ယန်မြူးနစ်အသင်းသည် ယခုရရှိခဲ့သည့် ဆုဖလားအပါအဝင် ခုနစ်ကြိမ်ဖြင့် အများဆုံးရယူနိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ခဲ့ပြီး ၁၉၈၇၊ ၁၉၉၀၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ တို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းနောက်တွင် ဒေါ့မွန်အသင်းက ငါးကြိမ်ဆွတ်ခူးထားနိုင်ခဲ့ပြီး ၁၉၈၉၊ ၁၉၉၅၊ ၁၉၉၆၊ ၂၀၁၃၊ ၂၀၁၄ တို့တွင် ဂျာမန်စူပါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျာမန်စူပါဖလားကို တတိယမြောက် အများဆုံးဆွတ်ခူးခဲ့သည့်အသင်းမှာ ဝါဒါဘရီမင်ဖြစ်ပြီး သုံးကြိမ်ဆွတ်ခူးထားကြောင်း သိရသည်။



# ချမ်းမြသာစည်မြို့နယ်၌ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦးသေ၊ အမျိုးသားတစ်ဦး ဒဏ်ရာရရှိ



**နေပြည်တော် ဩဂုတ် ၁၃**
မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၅၅ လမ်း အနောက်ဘက်ခြမ်း ရွာလယ်လမ်းနှင့် နှင်းဆီလမ်းကြားတွင် ယနေ့ နံနက် ၁၁ နာရီခွဲခန့်က သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသားတစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာမြို့သစ် လမ်းသွယ် ၁ ရပ်ကွက် (၅၅ × ၅၆) လမ်းကြား၌ “ကျော်ပုလင်း” ကချင်ရိုးရာခေါင်ရည်ဆိုင် ဖွင့်လှစ်ရောင်းချနေသူ ဦးလီဆွမ်(ခ) ဇော်လင်း (၄၀)နှစ်နှင့် ၎င်း၏ဇနီး မပော်လောက်ဖိန်(၄၀)နှစ်တို့သည် မနော်ဟရီလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် ၅၅ လမ်း အနောက်ဘက်ခြမ်း ရွာလယ်လမ်းနှင့် နှင်းဆီလမ်းကြား အရောက်၌ အမျိုးသားတစ်ဦးက ဆိုင်ကယ်ဖြင့် ဝင်တိုက်ပြီး မပော်လောက်ဖိန် လက်ထဲမှ လက်ကိုင်အိတ်ကို လုယူစဉ် ခင်ပွန်းဖြစ်သူ ဦးလီဆွမ်က ဆိုင်ကယ်ရပ်၍ ပြန်လည်လုယူသဖြင့် ပိုက်ဆံအိတ်လုယူသူက ပစ္စတိုသေနတ်ဖြင့် သုံးချက်ပစ်ခတ်ခဲ့ပြီး နောက်ဆုံးကျည်ခွံမှာ ကန့်လန့်ခံနေသောကြောင့် သေနတ်ဆက်လက်ပစ်ခတ်၍ မရသဖြင့် ဆက်လက်ပစ်ခတ်နိုင်မှု မရှိခဲ့ကြောင်း။

ထိုသို့ ဖြစ်ပွားမှုကြောင့် မပော်လောက်ဖိန်တွင် နဖူးကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်ရရှိ၍ နေရာတွင် သေဆုံးခဲ့ပြီး ဦးလီဆွမ်(ခ)ဇော်လင်းတွင် ဝဲရင်ဘတ်မှ ကျည်ဖောက်ဝင်ပြီး ယာချိုင်းအောက် ကျည်ဖောက်ထွက် ဒဏ်ရာတစ်ချက်ရရှိခဲ့ပြီး စိုးရိမ်ရသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း။

သေနတ်ဖြင့်ပစ်ခတ်သူမှာ ထွက်ပြေးသွားသဖြင့် အနီးရှိ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရာ ၅၃ လမ်းနှင့် မနော်ဟရီလမ်းထောင့်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ကောင်ဝိန်းရပ်ကွက်နေ ဦးဝေဖြိုး၏သား ခွန်ကောလား(ခ) မောင်မျိုးအား ဆိုင်ကယ်တစ်စီး၊ ပွိုင့် ၃၂ ပစ္စတိုတစ်လက်၊ ယင်းကျည် ၂၂ တောင့်၊ ကျည်အိမ် နှစ်ခု၊ ကျည်ခွံ တစ်ခုတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။



ဖမ်းဆီးရမိသူအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်လှစ်၍ ဆက်လက်စစ်ဆေး လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၄-၈-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | “စီးပွားရေးစကားဝိုင်း” (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ပထမပိုင်း) |
| ၉း၂၀ | ဥပဒေရေးရာအဖြာဖြာ “ပြည်သူများအကြားသိမှတ်ဖွယ်ရာ ဥပဒေရေးရာစကားဝိုင်း” (၂) (ဦးဟန်ညွန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ခင်ဖြူဖြူသန့်၊ ဝေဖြိုးဟိန်း) (ဒါရိုက်တာ-ဝေဠု(ဝသန်)) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | ရာဇဝင်ထဲက သမိုင်းအနုပညာ “ဆယ်ပွင့်ပန်း”(ပန်းယွန်းလုပ်ငန်း) |
| ၁၁း၃၀ | “မန္တလေး မြို့သာစက်မှု ဥယျာဉ်မြို့တော်” |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၃၃) |
| ၁၃း၅၀ | Yes or No Talk Show |
| ၁၄း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ”(အပိုင်း-၁၁) |
| ၁၅း၀၀ | “တစ်ခုခုဖြစ်သွားခြင်းအကြောင်း” |
| **ညပိုင်း** | |
| ၁၆း၂၅ | YTN (Science) “စည်းရုံးပြောဆိုခြင်း စွမ်းရည်” |
| ၁၇း၁၀ | “ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”(၆၉) |
| ၁၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော်-ဝေလ) |
| ၁၈း၅၅ | “CHOICE”(အပိုင်း-၇၇) |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ”(အပိုင်း-၃၄) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | “စီးပွားရေးစကားဝိုင်း (ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး) (ဒုတိယပိုင်း) |
| | -နိုင်ငံတော်ဖွံ့ဖြိုးရေးအခွန်မှန်မှန်ပေးဆောင်ပေး “စားသောက်ဖွယ်ရာ ရောင်းချခြင်းလုပ်ငန်းများအပေါ် အခွန်စည်းကြပ်ခြင်းနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ခြင်းအကြောင်း သိကောင်းစရာ” |
| | -အနုပညာခန်းရိပ်သာ “ဒါရိုက်တာအောင်မြင့်မြတ်နှင့်တွေ့ဆုံခြင်း” |
| | -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘဝတစ်ခု အချစ်တစ်ခု” (အပိုင်း-၆) |
| | -အစီအစဉ်ပြီး၏။ |

# မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား



**နေပြည်တော် ဩဂုတ် ၁၃**
မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် (၆၈×၆၉) လမ်းကြားလမ်းသွယ် (၁၅) နေ ဦးနေဝင်း၏ နေအိမ်ရှေ့ကားလမ်းပေါ်၌ ဩဂုတ် ၁၂ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ပေါက်ကွဲသံကြားရ၍ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့် မှုခင်းရဲတပ်ဖွဲ့/သတင်း ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၉၁၀)စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ရာ AAA ဓာတ်ခဲတစ်လုံး (အားမရှိ)၊ တိပ်အဖြူပတ်ထားသည့် ဝိုင်ယာကြိုးအနီတစ်ချောင်းနှင့် Samsung အမျိုးအစား (6×3) လက်မ လက်ကိုင်ဖုန်းအပျက်တစ်လုံး (ရှေ့အဖုံး Cover နှင့် ဖုန်းဆင်းကတ်မပါ)၊ ပေါက်ကွဲသည့်နေရာနှင့် ၅၈ ပေခန့်အကွာတွင် အပြာရောင်ပူဖောင်း အပိုင်းအစများနှင့် ပြောက်အိုးတွင် အသုံးပြုပတ်ထားသည့် စက္ကူအပိုင်းအစများ တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းပစ္စည်းများအား ယမ်းအမျိုးအစားနှင့် အနံ့ခံစစ်ဆေးသည့် စက်ဖြင့် စမ်းသပ်ရာ စက်မှယမ်းအမျိုးအစား ပြသခြင်းမရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပေါက်ကွဲမှုသည် ဖုန်းပျက်တစ်လုံးအား အသုံးပြု၍ ဖုန်းအသုံးပြုပေါက်ကွဲသည့် သဏ္ဌာန်ပြုလုပ်ထားကာ လူအများထိတ်လန့်စေရန် ရည်ရွယ်ချက်ဖြင့် ပြောက်အိုးအား ပူဖောင်းဖြင့်ပတ်ချည်၍ အသံမြည်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ လူ၊ အဆောက်အအုံများ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်းနှင့် သက်သေခံပစ္စည်းများအား သိမ်းဆည်းထားရှိပြီး ဥပဒေနှင့်အညီ အမှုဖွင့်၍ တရားခံစုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၆၉ စီး၊ သွင်းကုန် ၇၈၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၂၀၉ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၂၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၉၈၄ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄ ဒသမ ၃၀၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Toyota Alphard ယာဉ်နှစ်စီးတို့အား ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်များ ၂ ဒသမ ၄၄၀၂ တန်နှင့် အဆိုပါပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၃၂၀ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် မီးလောင်၍ သေဆုံး၊ ထိခိုက်ဒဏ်ရာရသူ မရှိ

**ရန်ကုန် ဩဂုတ် ၁၃**
ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယနေ့ညပိုင်းက မီးခလုတ်အပူလွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားရာ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း အဆိုပါဆေးရုံမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူနာစောင့် ကိုအောင်က “မီးလောင်တယ်ဆိုတဲ့ အသံကြောင့် ပြေးဆင်းလာတယ်။ မီးသတ်ကားတွေလည်း တွေ့တယ်။ အတော်ထိတ်လန့်သွားတယ်။ အမေက နှလုံးရောဂါနဲ့ ဆေးရုံတက်နေတာဆိုတော့ အမေ့အတွက် အတော်စိုးရိမ်ခဲ့ရတယ်။ လူနာတွေကို နေရာရွှေ့ပြောင်းနေတာတွေလည်း တွေ့ရတယ်။ နှလုံးရောဂါရှိတဲ့သူ နှစ်ယောက်လောက် သတိလစ်တယ်လို့ ကြားမိတယ်။ ကျွန်တော်တော့ မမြင်မိလိုက်ပါဘူး” ဟု ပြောသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၆ နာရီ ၃၅ မိနစ်က ကင်ဆာရောဂါ ပြင်ပလူနာဌာန အဆေးစားခွဲစိတ်ခန်းရှိ မီးခလုတ်ခုံ အပူလွန်ကဲရာမှ စတင်ပြီး မီးလောင်ကျွမ်းရာ မျက်နှာကြက်ရှိ သစ်သားတန်းများ၊ ဝါယာကြိုးများသို့ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများက မီးငြိမ်းသတ်ယာဉ်များ၊ အထောက်အကူပြုယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

“ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ အခန်းထဲမှာ မီးခိုးတွေများနေတယ်။ မီးတောက်တော့ မတွေ့ရဘူး။ ဓာတ်ရောင်ခြည်ဌာနဆိုတော့ ဂရုစိုက်ပြီးတော့မှ အလုပ်လုပ်ခဲ့ရတယ်။ မီးခိုတွေကို မီးခိုးစုပ်စက်နဲ့ အငွေ့တွေကို အပြင်ကိုစုပ်ထုတ်ခဲ့ရတယ်။ မီးနဲ့ပတ်သက်ပြီး အန္တရာယ်ရှိပေမယ့် ဆေးပစ္စည်းနဲ့ပတ်သက်တဲ့ ပစ္စည်းတွေဆိုတော့ ဂရုစိုက်ပြီးလုပ်ခဲ့ရတယ်။ ထိခိုက်ဒဏ်ရာတော့ မရှိပါဘူး” ဟု မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

မီးလောင်မှုနှင့်ပတ်သက်၍ လူထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမရှိကြောင်း သိရသည်။ ထို့ပြင် ဓာတ်ရောင်ခြည်လုံခြုံမှုနှင့်ပတ်သက်၍ ထိခိုက်မှုမရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဌာနမှ တာဝန်ရှိသူများ၏ စစ်ဆေးချက်အရ သိရသည်။

ယနေ့ည မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်မြို့နေ ပြည်သူများနှင့် ဆေးရုံအနီးရှိ နေထိုင်သူများမှ စိုးရိမ်ထိတ်လန့်မှုများ ကြုံတွေ့ခဲ့ရသော်လည်း သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း အဆိုပါ ဆေးရုံကြီးမှ သတင်းထုတ်ပြန်မှုအရ သိရသည်။

**သတင်း-ဇော်ကြီး၊ ဇာနည်မောင်၊ အေးမင်းသူ**

# မော်တော်ယာဉ် တိမ်းမှောက်မှုကြောင့် (၈၈)ငြိမ်း/ပွင့်မှ မမီးမီး သေဆုံး

**ကျောင်းကုန်း ဩဂုတ် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းအုပ်စု မကျီးကုန်းကျေးရွာအနီးတွင် ဩဂုတ် ၁၃ ရက် ညနေ ၅ နာရီခန့်က မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ (၈၈)ငြိမ်း/ပွင့်မှ မမီးမီး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်(၇၁/၇)နှင့် (၇၂/၀) ကြား မကျီးကုန်းကျေးရွာအနီးတွင် ပုသိမ်မှ ရန်ကုန်သို့ ယာဉ်မောင်း ဇော်ဝင်းမောင်(၄၇)နှစ် (၈၈)ငြိမ်း/ပွင့် ရုံးအဖွဲ့မှူး မောင်းနှင်ပြီး မသင်းသင်းအေး(ခ)မမီးမီး၊ မခက်ခက်၊ ကိုစိုးလှိုင်ဦးတို့ လိုက်ပါလာသော YGN 4K/--- အဖြူရောင်မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ကာ ကိုဇော်ဝင်းမောင်၊ မခက်ခက်နှင့် ကိုစိုးလှိုင်ဦးတို့တွင် ဒဏ်ရာမရရှိဘဲ မသင်းသင်းအေး(ခ)မမီးမီးမှာ ဝဲဘက်လက်မောင်းကျိုး၊ ယာလက်ဖျံပေါက်ပြဲ၊ နား၊ နှာခေါင်းသွေးထွက် ဒဏ်ရာများ ရရှိသွားသဖြင့် ကျောင်းကုန်းဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားသဖြင့် ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# အာရှအားကစားပြိုင်ပွဲအကြောင်း တစေ့တစောင်း

မင်းမင်း(ထားဝယ်)

ယနေ့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုအနေဖြင့် ဖော်ညွှန်းနိုင်ရန် အားကစားကဏ္ဍကို အလေးထားမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ပံ့ဖော်ဆောင်ရွက်ရာတွင် အကြီးကျယ်ဆုံး၊ အခမ်းနားဆုံးဖြစ်သည့် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲကြီး၏နောက်ဝယ် ဒုတိယအကြီးဆုံး အားကစားပြိုင်ပွဲကြီးတစ်ခုဖြစ်သည့် အာရှအားကစားပြိုင်ပွဲကြီးကို (၁၈) ကြိမ်မြောက်အဖြစ် အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာနှင့် ဆူမားတြားကျွန်းပေါ်ရှိ ပလမ်ဘန်းမြို့များတွင် လာမည့် ဩဂုတ် ၁၈ ရက်မှ စက်တင်ဘာလ ၂ ရက်အထိ လက်ခံကျင်းပသွားမည်ဖြစ်ရာ အဆိုပါ အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ စာရေးသူအနေဖြင့် လေ့လာမိသမျှ စုစည်း၍ တစေ့တစောင်း ဖော်ပြလိုက်ရပါသည်။

## အာရှအားကစားပြိုင်ပွဲကြီး၏ သမိုင်းကြောင်း

၁၉၄၈ ခုနှစ် လန်ဒန် အိုလံပစ်ပြိုင်ပွဲတွင် အာရှအားကစားအဖွဲ့ချုပ်များမှ အားကစားခေါင်းဆောင်များ၏ ဆွေးနွေးညှိနှိုင်းချက်များအရ အာရှအားကစားပွဲတော်အဖြစ် ဖြစ်ပေါ်လာခဲ့ပြီး အာရှတိုက်အတွင်း လူငယ်များ၏ အားကစား၊ ယဉ်ကျေးမှုနှင့် ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် Ever Onward အစဉ်အမြဲရှေ့သို့ချီ ဆောင်ပုဒ်ဖြင့် လေးနှစ်လျှင် တစ်ကြိမ်ကျင်းပသွားရန် အာရှအားကစားကောင်စီ (OCA)မှ သတ်မှတ်ခဲ့သည်။ အာရှအားကစားပြိုင်ပွဲ (Asian Games)ကို ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စတင်ကျင်းပခဲ့ပြီး ယခုအချိန်ထိ (၁၇) ကြိမ်မြောက်အဖြစ် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ (၁၇) ကြိမ်မြောက်အဖြစ် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့ပြီး ၁၉၅၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လက်ခံကျင်းပခဲ့သည့် အိမ်ရှင်နိုင်ငံများမှာ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ဂျပန်၊ အင်ဒိုနီးရှား၊ ထိုင်း၊ အီရန်၊ ကိုရီးယား၊ တရုတ်နှင့် ကာတာတို့ ဖြစ်ပါသည်။ အဆိုပါ အာရှအားကစားပြိုင်ပွဲကြီးကို အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ဒုတိယအကြိမ်ကျင်းပခွင့်ရရှိခြင်းဖြစ်ပြီး ပထမအကြိမ်အနေဖြင့် ၁၉၆၂ ခုနှစ်တွင် လက်ခံကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

## (၁၈)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲဆီသို့

(၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကြီးကို အင်ဒိုနီးရှား၊ တရုတ်နှင့် UAE နိုင်ငံတို့အနက် အင်ဒိုနီးရှားနိုင်ငံကို အိမ်ရှင်အဖြစ် ရွေးချယ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကို ပင်မအားကစားကွင်းကြီးဖြစ်သည့် လူဦးရေ ၇၆၁၂၇ ဆံ့ ဂျကာတာရှိ ဂျီလိုရာဘန်းကာနိုကွင်းကြီးတွင် ကျင်းပသွားမည် ဖြစ်သည်။ အားကစားအမျိုးအစား ၄၀ တွင် ပြိုင်ပွဲပေါင်း ၄၆၅ မျိုးဖြင့် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်အတွင်းရှိ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အားကစားသမား ၁၁၀၀၀ ကျော်မှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယခုနှစ် အာရှအားကစားပွဲ၏ဆောင်ပုဒ်အဖြစ် Energy of Asia အာရှ၏စွမ်းအားဟု သမုတ်ထားပြီး အထိမ်းအမှတ်လာဘ်ကောင်များအဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့၊ အလယ်၊ အနောက်ပိုင်းဒေသတို့ကို ကိုယ်စားပြုထားသည့် Bhin Bhin (ငှက်)၊ Atung (သမင်)နှင့် KaKa အမည်ရှိ ကြံ့တို့ပင်ဖြစ်သည်။ အဆိုပါ အားကစားပြိုင်ပွဲကြီး၏ ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံဖြစ်ပါသည်။ မီးရှူးတိုင်ကို ပထမအကြိမ် အာရှအားကစားပွဲ ကျင်းပခဲ့သည့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၅ ရက်မှ စတင် သယ်ဆောင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ မြို့ ၁၈ မြို့ အပါအဝင် မြို့ကြီး ၅၄ မြို့ကို ဖြတ်သန်းသယ်ဆောင်ပြီး ဩဂုတ်လ ၁၇ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိမည်ဖြစ်သည်။

## မြန်မာနိုင်ငံနှင့် အာရှအားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မှုအခြေအနေ

မြန်မာနိုင်ငံအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် အာရှအားကစားပြိုင်ပွဲများကို ၁၉၈၆ ခုနှစ် (၁၀) ကြိမ်မြောက် ဆိုးလ်အာရှအားကစားပြိုင်ပွဲများမှအပ ကျန်ပြိုင်ပွဲများအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ စက်ဘီး၊ ကျွမ်းဘား၊ ဂျူဒို၊ သေနတ်ပစ်၊ ရေကူး၊ လှေလှော်၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့် စနူကာ၊ မြားပစ်၊ ဝူရှူးစသည့် စုစုပေါင်း အားကစားနည်း ၂၁နည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲများတွင် ဘောလုံး၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ကြက်တောင်၊ ဂျူဒို၊ သေနတ်ပစ်၊ ရေကူး၊ ရွက်လှေနှင့် ပိုက်ကျော်ခြင်းစသည့် အားကစားနည်းများမှ ဆုတံဆိပ်များရယူနိုင်ခဲ့ပါသည်။ မြန်မာအားကစားအဖွဲ့အနေဖြင့် ၁၉၅၁ ခုနှစ် နယူးဒေလီအားကစားပွဲမှ ၂၀၁၄ အင်ချွန်းအားကစားပြိုင်ပွဲအထိ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၃၁ ခုနှင့် ကြေးတံဆိပ် ၅၃ ခု စုစုပေါင်း ဆုတံဆိပ် ၁၀၀ ရယူပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အအောင်မြင်ဆုံး အားကစားနည်းမှာ ဘောလုံးအားကစားနည်းနှင့် ပိုက်ကျော်ခြင်း အားကစားနည်းတို့ဖြစ်ပါသည်။ လာမည့် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ မြားပစ်၊ သေနတ်ပစ်၊ တိုက်ကွမ်ဒို၊ ဘော်လီဘော၊ ဝူရှူးနှင့် လှေလှော် အားကစားပြိုင်ပွဲများတွင် အားကစားသမား ၁၄၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ လှေလှော်၊ ပိုက်ကျော်ခြင်းနှင့် ဝူရှူးတို့တွင် ရွှေတံဆိပ် မျှော်မှန်းနိုင်သော်လည်း ကျန်အားကစားနည်း ငါးမျိုးကို လာမည့်ဒီဇင်ဘာလတွင် ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲနှင့် လာမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းတို့အတွက် အတွေ့အကြုံအသစ်များ ရရှိရန်အတွက် ရည်ရွယ်ပြီး ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### ဘောလုံး

အာရှအားကစားပြိုင်ပွဲ တစ်လျှောက် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် တောင်ကိုရီးယား လေးကြိမ်၊ အီရန် လေးကြိမ်၊ တရုတ်နှစ်ကြိမ်၊ အိန္ဒိယ နှစ်ကြိမ်၊ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၆ နှင့် ၁၉၇၀ ပြည့်နှစ်များတွင် နှစ်ကြိမ်၊ အီရတ်၊ မြောက်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်တို့က တစ်ကြိမ်စီ အသီးသီး ဗိုလ်စွဲခဲ့ပါသည်။ မြန်မာဘောလုံးအသင်းအနေဖြင့် ၁၉၉၄ ခုနှစ် နောက်ပိုင်း ၂၄ နှစ်ကြာမှ တစ်ကျော့ပြန် ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်မှစ၍ ယူ-၂၃ အသင်းများဖြင့် ယှဉ်ပြိုင်စေခဲ့ပါသည်။ မြန်မာ ယူ-၂၃ အသင်းအနေဖြင့် နည်းပြချုပ် ဂျာမနီလူမျိုး အန်တွမ်နီပေါးနှင့်အတူ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး Alpine Cup 2018 လေးနိုင်ငံဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းအနေဖြင့် ဒုတိယနေရာမှ ရပ်တည်နိုင်ခဲ့ပါသည်။ ယခုနှစ် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းအနေဖြင့် အုပ်စု(စ) ၌ ပါဝင်ပြီး ယမန်နှစ် ငွေတံဆိပ်ဆုရှင်မြောက်ကိုရီးယား၊ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နိုင်ငံများဖြစ်သည့် ဆော်ဒီအာရေဗျ၊ အီရန်တို့နှင့်အတူ ကျရောက်နေပြီး အုပ်စုအဆင့်တွင် ရုန်းကန်သွားရမည်ဖြစ်ပြီး အတွေ့အကြုံကောင်းတစ်ခုကို ရယူပေးနိုင်မည်ဖြစ်သည်။

### ပိုက်ကျော်ခြင်း

မြန်မာ့ပိုက်ကျော်ခြင်းအသင်းအနေဖြင့် (၁၆) ကြိမ်မြောက်နှင့် (၁၇) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲများတွင် နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ်များ ရယူပေးနိုင်ခဲ့ပါသည်။ ယခုနှစ် အာရှအားကစားပြိုင်ပွဲတွင် မြန်မာတို့ နှစ်ကြိမ်ဆက်တိုက် ရွှေတံဆိပ် ရယူပေးနိုင်ခဲ့သည်။ နှစ်ယောက်တွဲ အမျိုးသား၊ အမျိုးသမီး အဖွဲ့လိုက်ပြိုင်ပွဲများ ပါဝင်ခြင်းမရှိဘဲ အိမ်ရှင်နိုင်ငံ အားသာသည့် သုံးယောက်တွဲ၊ လေးယောက်တွဲနှင့် နှစ်ယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများကိုသာ ထည့်သွင်းထားသဖြင့် အထူးကြိုးစားရန်လိုအပ်ပါသည်။ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အားကစားသမား ၂၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် နှစ်ယောက်တွဲအသင်းလိုက်ပြိုင်ပွဲ၊ လေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲတွင် သုံးယောက်တွဲ အသင်းလိုက် ပြိုင်ပွဲနှင့် လေးယောက်တွဲပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ထိုင်းအသင်းကို ကျော်ဖြတ်ပြီး ရွှေတံဆိပ်ရယူနိုင်ရေးအတွက် ဦးတည်ကြိုးပမ်းသွားရမည်ဖြစ်သည်။

### မြားပစ်

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ကို ကိုရီးယားနည်းပြ၏ ကိုင်တွယ်မှုနှင့်အတူ နှစ်ပတ်လျှင် တစ်ကြိမ် ဆန်းစစ်ပြိုင်ပွဲများပြုလုပ်၍ စိစစ်ရွေးချယ်ထားသည့် အားကစား သမားရှစ်ဦးတို့မှ Recurve နှင့် Compound ပြိုင်ပွဲအမျိုးအစား နှစ်မျိုးစလုံး၌ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲတွင် တောင်ကိုရီးယားနိုင်ငံမှ မြားပစ်ပြိုင်ပွဲအပေါ် ရွှေတံဆိပ်များဖြင့် ကြီးစိုးသွားမည်ဟု ထင်မြင်မိပါသည်။



### သေနတ်ပစ်

သေနတ်ပစ်ပြိုင်ပွဲတွင် အားကစားသမား ခြောက်ဦးမှ ပြိုင်ပွဲ ငါးမျိုးတွင် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ အာရှထိပ်တန်းအသင်းများဖြစ်သည့် တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်အသင်းများကို ခက်ခက်ခဲခဲ ရင်ဆိုင်ရမည်ဖြစ်ပြီး အနည်းဆုံး ဆုတံဆိပ်တစ်ခုခု ရရှိနိုင်ရေး ကြိုးစားသွားရမည်ဖြစ်သည်။

### လှေလှော်

လှေလှော်အားကစားအနေဖြင့် ကမ္ဘာ့အဆင့်၊ အာရှအဆင့်နှင့် အရှေ့တောင်အာရှ အဆင့်တို့တွင် အောင်ပွဲအလီလီရရှိထားသည့် အားကစားနည်းဖြစ်ပြီး ယခုနှစ် မြန်မာနိုင်ငံ အားကစား မီဒီယာများအဖွဲ့ချုပ်က ချီးမြှင့်သည့် ၂၀၁၇ ခုနှစ် အကောင်းဆုံးအသင်းဆုကို မြန်မာ့ရိုးရာ လှေလှော်အသင်းက ရရှိထားပါသည်။ မြန်မာ့လက်ရွေးစင် ရိုးရာလှေလှော်အသင်းသည် ၂၀၁၇ ခုနှစ်က တရုတ်နိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ချန်ပီယံရှစ် ရိုးရာလှေတံခွန်စိုက်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သဖြင့် မြန်မာနိုင်ငံ အားကစား မီဒီယာများအဖွဲ့ချုပ်က ယခုကဲ့သို့ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့ရိုးရာ လှေလှော်အသင်းသည် ပြီးခဲ့သည့် မေ ၃ ရက်က တရုတ် (တိုင်ပေ)၌ ကျင်းပခဲ့သည့် ၂၀၁၈ အာရှနဂါးလှေ ချန်ပီယံရှစ်ပြိုင်ပွဲ၌ ရွှေငါးခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခု ရရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့သည်။ (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို အပြည်ပြည်ဆိုင်ရာ လှေလှော်အတွက် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅ ဦးဖြင့် လည်းကောင်း၊ ရိုးရာ လှေလှော်အတွက် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၂ ဦးဖြင့်လည်းကောင်း၊ ကနူးကယက်တွင် အမျိုးသား ငါးဦးဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အထူးသဖြင့် ရိုးရာလှေလှော်ပြိုင်ပွဲမှ ဆုတံဆိပ်များရရှိနိုင်မည်ဟု တထစ်ချ ယုံကြည်မိပါသည်။

### ဝူရှူး

(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှဆုရ အားကစားသမားများနှင့် မျိုးဆက်သစ် အားကစားသမားများကို စိစစ်ရွေးချယ်ခဲ့ပြီး ဆန်းဆို အားကစားနည်းမှ အမျိုးသားနှစ်ဦး၊ ထောက်လု အားကစားနည်းမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း အားကစားသမား ၁၁ ဦး ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ အာရှအားကစားပြိုင်ပွဲများတွင် မြန်မာအမျိုးသမီးများမှ ပထမဆုံး ရွှေတံဆိပ် ဆွတ်ခူးပေးနိုင်သည့် ဝူရှူးအားကစားမယ် ခိုင်ခိုင်မော်ကဲ့သို့ အားကစားသမားများ ပေါ်ထွန်းရန် အချိန်တန်ပြီဖြစ်သည်။

### တိုက်ကွမ်ဒို

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုပြိုင်ပွဲ အတိုက်နှင့် ကကွက်ပြိုင်ပွဲများတွင် အားကစားသမား ခြောက်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ငံများအပေါ် ယှဉ်ပြိုင်ရန် ခက်ခဲပြီး အဆင့်သတ်မှတ်ချက်ကောင်းခြင်းအတွက်သာ ကြိုးစားယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

### ဘော်လီဘော

အမျိုးသားဘော်လီဘောပြိုင်ပွဲကို ၁၉၅၈ ခုနှစ် မှ စတင်ယှဉ်ပြိုင်ခဲ့ပြီး ဂျပန် ရှစ်ကြိမ်၊ တရုတ်နှင့် တောင်ကိုရီးယားတို့မှ သုံးကြိမ်စီ၊ အီရန် တစ်ကြိမ်ဗိုလ်စွဲခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၆၂၊ ၁၉၇၈၊ ၁၉၉၀၊ ၂၀၁၀၊ ၂၀၁၄ ခုနှစ်များတွင် စုစုပေါင်း ငါးကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ အတွေ့အကြုံများရစေရန်အတွက် ရည်ရွယ်၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### အကြံပြုသုံးသပ်တင်ပြချက်များ

တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သည့် နိုင်ငံတကာအားကစားပွဲများတွင် မပါမဖြစ် ပါဝင်သော 'မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်' ဆောင်ပုဒ်နှင့် အကျုံးဝင်သည့် ပြေးခုန်ပစ်၊ အာရှနှင့် ရင်ပေါင်တန်းနိုင်သည့် မြန်မာအမျိုးသမီးဘောလုံးအသင်း၊ မျိုးဆက်သစ်များ မွေးထုတ်ရန် အထူးလိုအပ်နေသည့် အလေးမ၊ လက်ဝှေ့နှင့် ဂျူဒိုအားကစားနည်းများကို ရွေးချယ်စေလွှတ်သင့်ပါသည်။ ထို့အပြင် ယခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကြီးအတွက် ရွေးချယ်ထားပြီး ဆုတံဆိပ်ရရှိနိုင်မည့် အားကစားသမားများကိုလည်း စိစစ်၍ ရွေးချယ်စေလွှတ်သင့်ပါသည်။

သို့ပါ၍ ပြည်သူလူထုအကြား တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် အားကစားကဏ္ဍ၊ မှေးမှိန် ကျဆင်းနေသည့် မြန်မာ့အားကစားလောကကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်ပြီး အာရှအားကစားပြိုင်ပွဲကြီးအကြောင်းကို တစေ့တစောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

## တိုတိုထွာထွာဖတ်စရာ

### ကျွန်းလှ၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြော

**ကျွန်းလှ**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သစ်ရာမြိုင်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းတွင် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ကျောင်း ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် သန်ချဆေးတိုက်ကျွေး ကြောင်း သိရသည်။

မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဆရာမ ဒေါ်မျိုးမင်းမင်းလတ်က ခြင်ကြောင့်ဖြစ်ပွားသော ရောဂါများအကြောင်းကိုလည်းကောင်း၊ ဆရာမ ဒေါ်လှဌေးက သန်ချဆေးတိုက်ကျွေးရခြင်းနှင့် ရေသန့်ရှင်းရေးအကြောင်း တို့ကို ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူ ၈၆၄ ဦးကို သန်ချဆေး တိုက်ကျွေး၍ ကျောင်းတွင်း ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခဲ့ ကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### လူကုန်ကူးမှုတိုက်ဖျက်ရေး မော်လိုက်၌ အသိပညာပေးဟောပြော

**မော်လိုက်**

ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် လူကုန်ကူးခံရမှုများ မဖြစ်ပွားစေရေး၊ လူကုန်ကူးသမားများ၏ လိမ်လည်မှု များကို မခံရစေရန်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ တွင် ပူးပေါင်းပါဝင်တိုက်ဖျက်နိုင်ရေးတို့အတွက် ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက မော်လိုက်မြို့ အခြေခံ ပညာအထက်တန်းကျောင်း စုံညီခန်းမ၌ ကျင်းပသည်။

မော်လိုက်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်ယုက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ဥပဒေ အရာရှိ ဦးစိုးဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးသန့်တို့က လူကုန် ကူးမှုဆိုင်ရာ ဥပဒေအကြောင်းအရာများနှင့် လူကုန်ကူးမှုဖြစ်ပွားရခြင်း အကြောင်းအရင်းများကို အသိပညာပေးဟောပြောခဲ့ကြသည်။

**မော်လိုက်သားလေး**

### လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးသန်းထိုက်နှင့် မြို့နယ် ဥပဒေအရာရှိ ဒေါ်သည်းသည်းစိုးစံတို့က လူကုန်ကူးမှုတားဆီးကာကွယ် ရေးနှင့်ပတ်သက်၍ ဖြစ်ရပ်မှန် ကိုယ်တွေ့ဇာတ်လမ်းများနှင့် ကြိုတင် ကာကွယ်ရေးအတွက် သတိပြုလိုက်နာရမည့်ကိစ္စရပ်များကို ရှင်းလင်း ဟောပြောခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### ဆီဆိုင်၌ ရွှေ့ပြောင်းလုပ်သားများအား ဆေးစိမ်ခြင်ထောင်ဖြန့်ဝေ

**ဆီဆိုင်**

ဆီဆိုင်မြို့နယ်အတွင်းရှိ ရွှေ့ပြောင်းလုပ်သားများအား တာရှည်ခံဆေးစိမ် ခြင်ထောင်များဖြန့်ဝေခြင်း၊ သွေးဖောက်စစ်ဆေးခြင်းနှင့် ပညာပေး ဟောပြောပွဲများကို ဩဂုတ်လ ဒုတိယပတ်တွင် နားခိုက်ကျေးရွာအုပ်စုနှင့် လွယ်ပွတ်ကျေးရွာအုပ်စုအတွင်းရှိ ကျောက်ထုတ်လုပ်သားနှင့် လမ်းလုပ် သားများဆီသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မြို့နယ်အတွင်းမှာရှိတဲ့ ရွှေ့ပြောင်းလုပ်သားတွေကို တာရှည်ခံဆေးစိမ် ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးတယ်။ ပြီးတော့ ငှက်ဖျားရောဂါရှာဖွေ သွေးဖောက်စစ်ဆေးပေးပြီး ရောဂါတွေ့ခဲ့ပါက ပျောက်ဆုံးသည်အထိ ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးပါတယ်"ဟု မြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌ ဦးချိုတူးမောင်က ပြောကြားသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

### မိုးညှင်း၌ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအားဂုဏ်ပြု

**မိုးညှင်း**

မူးယစ်ဆေးဝါးမှုများဖမ်းဆီးရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် မိုးညှင်း မြို့နယ် ဟိုပင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပါဝင်ကူညီခဲ့သည့် ပြည်သူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီက ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက အမှာ စကားပြောကြားပြီး ဟိုပင်နယ်မြေရဲစခန်းမှူး ရဲအုပ်ဗျက်ဆန်းက ၁၀ နှစ်တာ ကာလအတွင်း ရဲစခန်း၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အများဆုံးစံချိန်တင်ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း ၍ ရှင်းလင်းတင်ပြသည်။

တာဝန်ရှိသူများက မူးယစ်ဆေးဝါးအမှုများ ဖမ်းဆီးရာတွင် စွမ်းစွမ်း တမံဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များနှင့် ပါဝင်ကူညီခဲ့သည့်ပြည်သူများ အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**၄၉၉**

## လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ပုံတူပန်းချီကားများနှင့် ရုပ်ပြောင်ပန်းချီကားများ အခမဲ့ရေးဆွဲပေး



**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေး တက္ကသိုလ်ဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဩဂုတ် ၁၂ ရက်မှစတင်၍ ဘွဲ့နှင်း သဘင်ခန်းမအပေါ်ထပ်တွင် ပွဲတော်သို့ လာရောက် လေ့လာသူများအား ပုံတူပန်းချီကားများနှင့် ရုပ်ပြောင်ပန်းချီကားများအား အမျိုးသားယဉ်ကျေးမှု နှင့် အနုပညာတက္ကသိုလ်(မန္တလေး) နှင့် အနုပညာ အထက်တန်းကျောင်း(မန္တလေး) တို့မှ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများစုပေါင်း၍ အခမဲ့ရေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"ဒီပုံတူပန်းချီကားများနဲ့ ရုပ်ပြောင်ပန်းချီကား များ ပွဲတော်လာလူငယ်များကို အခမဲ့ရေးဆွဲပေးတာ ပါ။ ရေးဆွဲပေးတာကတော့ အမျိုးသားယဉ်ကျေးမှု နှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ အနုပညာ အထက်တန်းကျောင်း (မန္တလေး) တို့မှ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူများစုပေါင်းပြီး ရေးဆွဲပေးတာပါ။ စုစုပေါင်း ရေးဆွဲသူ ၁၈ ဦးရှိပါ တယ်။ သူတို့ရဲ့ ပုံတူပန်းချီကားလေးတွေ ဆွဲပေးတာ ဆိုတော့ လူငယ်တွေ တော်တော်လေးသဘောကျ ပါတယ်။ မော်ဒယ်ထိုင်ပြီး လက်တွေ့ရေးဆွဲနေတဲ့ အဖွဲ့တွေလည်းရှိပါတယ်။ ဒီနေ့မှ စတင်ဆောင်ရွက် ပေးတာပါ။ မနက်ဖြန်မှာလည်း ပွဲတော်လာသူတွေ ကို ပုံတူပန်းချီကားများနဲ့ ရုပ်ပြောင်ပန်းချီကားများ အခမဲ့ရေးဆွဲပေးသွားမှာပါ။ မည်သူမဆို အခမဲ့ လာရောက်ရေးဆွဲရယူနိုင်ပါတယ်" ဟု အနုပညာ အထက်တန်းကျောင်း (မန္တလေး) မှ ဆရာဦးစိုးဝင်း အောင်က ပြောကြားသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို အနုပညာဆိုင်ရာ လှုပ်ရှားမှုအဖြစ် မန္တလေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လူ၊ ဓာတ်ပုံ ပုံတူ ပန်းချီရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများရေး ဆွဲခြင်း၊ Post Card များ ရေးဆွဲခြင်း၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ၊ သီဟာသနပလ္လင်နောက်ခံ ဖြင့် ရိုက်ကူးခြင်း၊ တိုင်းရင်းသားဝတ်စုံ၊ ပျူ၊ ပုဂံ၊ အင်းဝ ခေတ်ဝတ်စုံများ၊ ကုန်းဘောင်ခေတ်ဝတ်စုံများဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်း၊ တိုင်းရင်းသား လူမျိုးများ၊ ရုပ်တုများဖြင့်ရိုက်ကူးခြင်း၊ လှည်းယဉ် ဖြင့်ရိုက်ကူးခြင်း၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာပြခန်း၊ လက်မှုလုပ်ငန်းများ လက်တွေ့ပြသခြင်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက် စွာကျင်းပလျက်ရှိရာ လာရောက်လေ့လာသူများ ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၁၈–၂၀၁၉ ခရီးသွားရာသီအတွက် မြန်မာမှု၊ မြန်မာ့ဟန်ပါ အုန်းခွက်ပန်းချီများကို အားထားရေးဆွဲလျက်ရှိ




**မန္တလေး ဩဂုတ် ၁၃**

၂၀၁၈-၂၀၁၉ ခရီးသွားရာသီအတွက် ဘူးသီး ပန်းချီနှင့် အုန်းခွက်ပန်းချီများကို အားထားရေးဆွဲ လျက်ရှိရာ အများစုမှာ မြန်မာမှု မြန်မာ့ဟန် မြန်မာ့ အလှရှုခင်းများပါဝင်ကြောင်း ပုလင်းပန်းချီ ဦးချစ်မြ က ပြောပြသည်။

မြန်မာနိုင်ငံတွင် စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် နိုင်ငံတကာ ခရီးသွားဧည့်သည် အများဆုံးဝင်ရောက်သည့် အတွက် ခရီးသွားလ၊ ခရီးသွားရာသီဟု သတ်မှတ် ထားကြသည်။ ပန်းချီပညာရှင်အများစုမှာ နိုင်ငံခြား သားဝယ်လက်ကို အားထားကြရသည်။

ပုလင်းပန်းချီဦးချစ်မြမှာ ပုလင်းပန်းချီ၊ မှန်ပန်းချီ များ ရေးဆွဲလာရာမှ အုန်းခွက်ပန်းချီနှင့် ဘူးပန်းချီ များကိုပါ ကြံဆရေးဆွဲရာ အောင်မြင်လာခဲ့သည်။ ဘူးပန်းချီနှင့် အုန်းခွက်ပန်းချီများမှာ တန်ဖိုးသင့် တင့်ပြီး လက်ရာမြောက်သည့်အတွက် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည် အများဆုံးဝယ်ယူကြ သည်။ ယခုနှစ် ခရီးသွားရာသီအတွက် နိုင်ငံတကာ ခရီးသွားဧည့်သည်များ ကြိုက်နှစ်သက်သည့် မြန်မာ မှု၊ မြန်မာ့ရှုခင်းများကို အားထားရေးဆွဲလျက်ရှိ သည်။

ရှားပါးအနုပညာလက်ရာဖြစ်သော ပုလင်းပန်းချီ၊ ဘူးသီးပန်းချီ၊ မှန်ပန်းချီ၊ အုန်းခွက်ပန်းချီများကို အမရပူရမြို့မှ ပုလင်းပန်းချီဦးချစ်မြက တစိုက် မတ်မတ်ရေးဆွဲလျက်ရာ နိုင်ငံတကာခရီးသွားဧည့် သည်များ နှစ်စဉ်လာရောက်လေ့လာကာ ဝယ်ယူမှု များပြားလျက်ရှိသည်။

ဘူးပန်းချီဖန်တီးရေးဆွဲရန်အတွက် ဘူးသီး ခြောက်အရွယ်အစားပေါ်မူတည်ကာ လိုက်ဖက် မည့်အရုပ်များကို ရွေးချယ်ရေးဆွဲရသည်။ ဘူးသီး ပန်းချီဖန်တီးရာတွင် ဘိုမရုပ်၊ ပစ်တိုင်းထောင်ရုပ်၊ ဆံထောက်နှမပုံကလေးများ၊ ပုဂံနှင့်ပတ်သက်သည့် ပုံများ၊ ဇီးကွက်ရုပ်နှင့် အခြားရုပ်ပုံများကို သရုပ်ဖော် ရေးဆွဲသည်။

အုန်းခွက်ပန်းချီ၊ ပုလင်းပန်းချီများရေးဆွဲရာတွင် တိုင်းရင်းသားပုံ၊ မြန်မာနိုင်ငံ၏ အထင်ကရနေရာ၊ ရိုးရာလိုင်း ရွှေရေးပန်းချီဟုခေါ်သောနည်းဖြင့် အုန်းခွက်ပေါ်တွင် ဆေးရောင်အနီအနက်၊ ရွှေရောင် များဖြင့် လက်ရာမြောက်ပုံများကို ရေးဆွဲလျက်ရှိ သည်။။

အုန်းခွက်ပန်းချီကားတစ်ကားလျှင် ငွေကျပ် နှစ်သောင်းဖြင့် ရောင်းချပြီး အုန်းခွက်အတွင်းပုံတူ ရေးလျှင် တစ်ကားကို ငွေကျပ်ငါးသောင်းဖြင့် ရေးဆွဲပေးကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## နှစ်ပေါင်း ၁၅၀ ကျော်သက်တမ်းရှိ မင်းတုန်းမင်း၏သိမ်အလှူပေစာကို မကွေးမြို့ကန်ပြားရွာတွင်ထိန်းသိမ်းထား

**မကွေး ဩဂုတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကန်ပြား ကျေးရွာ(အရှေ့ရွာ) မန်ကျီးတောဘုန်းတော်ကြီး ကျောင်း၌ မင်းတုန်းမင်းကြီးလက်ထက် ရဟန်း သံဃာတော်များ ဥပုသ်ပဝါရဏာ ကံကြီးကံဖော် ဆောင်ရွက်နိုင်ရန်အတွက် သိမ်တည်ခွင့်ပြုရေး ဘုရင့်ထံလျှောက်တင်သော ပေရွက်စာချွန်လွှာ၊ မင်းတုန်းမင်းကြီးက သိမ်တည်ခွင့်ပြုသော ဘုရင့် အမှတ်တံဆိပ်ရိုက်နှိပ်ထားသည့် သိမ်အလှူပေရွက် စာချွန်လွှာများကို ထိန်းသိမ်းထားပြီး လာရောက် လေ့လာနိုင်ကြောင်း ကျောင်းထိုင်ဆရာတော်ထံမှ သိရသည်။

"ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာ သခင်အသျှင် ဘဝရှင်မင်းတရား ကြီးဘုရား သက္ကရာဇ် ၁၂၂၆ ခု နယုန်လဆန်း တစ်ရက် ၅ တေးနေ့" ဟု အစချီထားသည့် လျှောက် တင်လွှာပေစာကိုလည်းကောင်း၊ "မကွေးမြို့သူကြီး မြို့စားရတို့နှင့် ကန်ပျားရွာ သူကြီးခေါင်ဘကြီးတို့ ဦးရှိန်ရှစ်ခိုး သံတော်ဦးတင်ချက်အတိုင်း ကန်ပျား ရွာမြောက် ကျောင်းအရံအတွင် စတုရန် ရာစိမြေ ကိုဝ်ချိန်ကဝိသုမ်ဂါမမြေစား သနားတော်မြတ်ခံ၍ ကုသိုလ်တော် ပွာခဏ္ဍာသိမ် သမုတ်လှူဒါန်းစေ" ဟု ဖော်ပြပါရှိသည့် ဘုရင့်ခွင့်ပြုပြန်ကြားလွှာပေစာ ကိုလည်းကောင်း လေ့လာနိုင်မည်ဖြစ်သည်။

"ရဟန်းလောကမှာ ဥပုသ်ပဝါရဏာ ကံကြီး ကံငယ်ဆောင်ရွက်ရန်အတွက် သိမ်ဆိုတာ မရှိရင် မဖြစ်ဘူး။ ရဟန်းကိစ္စမှာ အထွတ်အထိပ်ဖြစ်တဲ့ ကံကြီးကံငယ်ဆောင် (ရဟန်းခံ၊ ရှင်ပြု) ချင်တယ်။ ဥပုသ်ပြုချင်တယ်။ ပဝါရဏာပြုချင်တယ်။ ဒီကိစ္စ တွေအတွက် ဘုရင့်ထံ သိမ်မြေတောင်းရတာ။ သိမ်မရှိတဲ့ ဘုန်းကြီးကျောင်းတွေမှာ ဒီကိစ္စတွေ ပြုချင်တယ်ဆိုရင်တော့ မိုးလေးလပတ်လုံး ရေတည်တဲ့ နေရာဟာ သိမ်ပဲ။ မြစ်နဲ့နီးရင်မြစ်၊ ကန်နဲ့နီးရင်ကန်၊ အင်းနဲ့နီးရင်အင်း ၊ ချောင်းနဲ့နီးရင်ချောင်း အဲဒီ နေရာမှာဖောင်လုပ်ပြီး ဖောင်ပေါ်မှာ ရဟန်းခံ၊ ရှင်ပြု နဲ့ ဥပုသ်ပဝါရဏာတွေ ပြုကြရတယ်။ သံဃာတော် တွေကို ဒုက္ခမများရအောင် ဘုရင်က သိမ်လှူပေး ခဲ့တာ" ဟု မန်ကျည်းတောကျောင်းတိုက်ဆရာတော် ဦးတေဇနိယက မိန့်ကြားသည်။

ပေဘူးထဲတွင် နှစ်ပေါင်း ၁၅၀ ကျော်သိမ်းဆည်း ထားသည့် ပေစာများအပြင် နှစ်ပေါင်းရာချီသက် တမ်းရှိ မန်ကျည်းစေ့ကမ္မဝါစာ၊ ရွှေပေစာ၊ ပုရပိုက် များ၊ ကြွေပန်းကန်ကြီးများနှင့် တရားစာပေများသိမ်း ဆည်းသည့် စာတိုက်တို့ကိုလည်း ထိန်းသိမ်းထား လျက်ရှိရာ သမိုင်းလေ့လာသူများအနေဖြင့် မှတ်တမ်း ပြု ကိုးကားစရာဖြစ်ကြောင်း ဒေသခံများထံမှ သိရ သည်။

**ဇေယျာတု(မကွေး)**

# တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများ စည်းဝေး



**ပဲခူး ဩဂုတ် ၁၃**

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမတွင် ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်က ရဲတပ်ဖွဲ့မှ ဥပဒေအကြံဉာဏ်တောင်းရာ၌ ဥပဒေအကြံပေးကိစ္စရပ်များတွင် အကြံပေးခြင်းများအား ဥပဒေနှင့်အညီဆောင်ရွက်ပေးရန်၊ တရားရုံးအမှုလိုက်ရာတွင် ဥပဒေနှင့်အညီ သက်သေများကို စစ်ဆေးရန်၊ အယူခံမှု ပြင်ဆင်မှုတင်သွင်းရာတွင်လည်း ဥပဒေနှင့်အညီဆောင်ရွက်ရန်၊ အမှုများရုပ်သိမ်းပေးရာတွင် ရှေ့နေချုပ်နည်းဥပဒေနှင့်အညီ ဆောင်ရွက်ကြရန် ပြောကြားပြီး တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအုန်းသန်းက ပြည်ထောင်စုအစိုးရအဖွဲ့၏မူဝါဒ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်မှန်းချက်ပန်းတိုင်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများက ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်မှန်းချက်ပန်းတိုင်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဥပဒေအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် ဥပဒေအရာရှိများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို လုပ်ဆောင်ရာတွင် နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏မူဝါဒ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်မှန်းချက်ပန်းတိုင်များအား ချပြဆွေးနွေး သိစေရန်ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ထန်းတပင်မြို့နယ်၌ ထူးကဲဒီရေမြင့်တက်မှုကြောင့် စာသင်ကျောင်း ခုနစ်ကျောင်း ယာယီပိတ်ထားရ




**ထန်းတပင် ဩဂုတ် ၁၃**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ဩဂုတ် ၁၂ ရက် ညနေပိုင်းမှစတင်ကာ ထူးကဲဒီရေမြင့်တက်လာမှုကြောင့် အခြေခံပညာကျောင်း ခုနစ်ကျောင်းကို ဩဂုတ် ၁၃ ရက်တွင် ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။

ဩဂုတ် ၁၂ ရက်တွင် ထူးကဲဒီရေမြင့်တက်လာမှုကြောင့် ထန်းတပင်မြို့နယ်အတွင်းရှိ စုစုပေါင်းကျောင်း ခုနစ်ကျောင်းတို့တွင် ကျောင်းဝင်းနှင့် စာသင်ခန်းမဆောင်အတွင်းသို့ ရေဝင်ရောက်သဖြင့် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ကျောင်းသုံးရက် ယာယီပိတ်ထားပေးမည်ဖြစ်ပြီး အဆိုပါကျောင်းပိတ်ရက်များကို စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် အစားထိုးလေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

# မိုးကောင်း၌ နန့်ကောင်းချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျ

**မိုးကောင်း ဩဂုတ် ၁၃**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ယနေ့နံနက် ၉ နာရီက နန့်ကောင်းချောင်းရေတိုက်စားကာ ချောင်းကမ်းပါးပြိုကျခဲ့၍ ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် ချမ်းမြေ့ဦးဆောက်လုပ်ရေးကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးကောင်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းကာ ချောင်းရေမြင့်တက်လာမှုကြောင့် မီးရထားသံလမ်းတံတားအနီးရှိ ဈေးကုန်းရပ်ကွက်နှင့် နတ်ကြီးကုန်းရပ်ကွက်သို့ ဆက်သွယ်ထားသည့် ကမ်းနားလမ်းကမ်းပါး အကျယ် ၁၂ ပေ၊ အရှည်ပေ ၇၀ ပြိုကျခဲ့ကာ ကတ္တရာလမ်းနှင့် ခုနစ်ပေခန့်သာဝေးကွာတော့သောကြောင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းကို အရေးပေါ်ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါကမ်းပါးပြိုကျရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်အောင်၊ မြို့နယ်မီးသတ်ဒုတိယဦးစီးမှူး ဦးချမ်းငြိမ်းသူတို့ ဦးဆောင်ကာ နယ်မြေခံတပ်မတော်သားများနှင့် နတ်ကြီးကုန်းရပ်ကွက်နေပြည်သူများက ကမ်းပါးပြိုကျနေမှုကို ယာယီဝါးကရစ်ကာရံကာ သဲကျောက်အိတ်များဖြင့် ပြုပြင်ထိန်းသိမ်းခဲ့ကြကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**



ရေနစ်မြုပ်ဒဏ်ခံရသည့်လယ်မြေများ အမြန်ဖော်ထုတ်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ညောင်လေးပင်မြို့နယ် ထော်နွတ်ရွာအနီးရှိ ငါးကျဲချောင်းအား စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ရာ ဩဂုတ် ၁၃ ရက်တွင် လုပ်ငန်းပြီးစီးသွားပြီ ဖြစ်ကြောင်း သိရသည်။ **ဥာဏ**

# ရန်ကုန်မြို့တော်ခန်းမရှေ့ မှူခင်းအသိပညာပေး

**ရန်ကုန်**

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ မြို့တော်ခန်းမရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးသက်၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူး တိုးမြို့နှင့် တာဝန်ရှိသူများက ဩဂုတ် ၁၀ ရက် နံနက် ၈ နာရီခွဲက မှုခင်းအသိပညာပေးဆောင်ရွက်ခဲ့ရာ ပြည်သူ ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း**

## တိုတိုထွာထွာဖတ်စရာ

# သုံးခွမြို့နယ်တွင် ပြည်သူ့နီတိအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်တွင် ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီခွဲက ကျောင်းသားကျောင်းသူများ ယဉ်ကျေးလိမ္မာစွာ ပြုမူပြောဆိုနေထိုင်တတ်စေရန်ရည်ရွယ်၍ ပြည်သူ့နီတိ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

"မင်္ဂလာပါ၊ ကျေးဇူးတင်ပါတယ်၊ ချိုသာသောအပြုံး" ခေါင်းစဉ်ဖြင့် စာရေးဆရာကြီး ဦးဒီပက ဟောပြောခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘေဘီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကြံခင်းဘိလပ်မြေစက်ရုံ၌ ပြည်သူ့စကားဝိုင်းကျင်းပ

**ကြံခင်း**

ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက ကလို့ကွင်းကျေးရွာအုပ်စု ကြံခင်းဘိလပ်မြေ (စက်ရုံနယ်မြေ) သာသနာ့ဗိမာန်၌ ကျင်းပသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်း၊ ဦးကျော်မျိုးလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်၊ စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမွေး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကိုကို၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိမိခိုင်၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး ဦးနေဝင်းထွန်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအင်ဂျင်နီယာ ဦးဇော်ထွန်းတို့က ညှိနှိုင်းဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများက ဒေသလိုအပ်ချက်များကို ဆွေးနွေးမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများနှင့် သက်ဆိုင်ရာဌာနများက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယင်းနောက် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် စံပြနို့တိုက်မိခင်ဆု၊ ဟင်းချက်ပြိုင်ပွဲများတွင် ဆုများရရှိကြသည့် ကျောင်းသားကျောင်းသူများ၊ စံပြမိခင်များနှင့် ဟင်းချက်ပြိုင်ပွဲဆုရရှိသည့် ရပ်ကွက်များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**

# ကမာရွတ်မြို့နယ်၌ အမျိုးသား အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်

**ရန်ကုန်**

၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် (Township Sports Development Programme-TSDP) အစီအစဉ်အရ ပြုလုပ်သော အမျိုးသား အမျိုးသမီး အလွတ်တန်း မီနီမာရသွန် အပြေးပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲက ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းထိပ် စုရပ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသည် ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအပြင် တစ်ပတ်ပြေးပြိုင်ပွဲအပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်း၊ အနောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိမော်၊ ကမာရွတ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးငြိမ်းချမ်းဖြိုးတို့က ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဘားအံ၌ ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေး

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံအရှေ့ကျေးရွာအုပ်စု၊ အုန်းတပင်ကျေးရွာအုပ်စုနှင့် လှာကဒေါင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာတို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးခြင်းနှင့် 'က' ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီခွဲက နောင်လုံအရှေ့ကျေးရွာအုပ်စု မြပြည်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ပြုလုပ်ခဲ့သည်။

ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် စစ်ဆေးရေးမှူး(၂) ဦးမျိုးအောင်လင်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်္ကေတများကို ရှင်းလင်းပညာပေးကြပြီး တာဝန်ရှိသူများက 'က' ယာဉ်မောင်းလိုင်စင်များဆောင်ရွက်ပေးခဲ့ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**





# Teen Choice Awards မှာ ဆုတွေသိမ်းပိုက်နိုင်ခဲ့တဲ့ BTS နဲ့ ဂျက်ဆင်

အမေရိကန်နိုင်ငံရဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Teen Choice Awards"ဆုပေးပွဲကို လတ်တလောကျင်းပခဲ့ရာမှာတော့ တောင်ကိုရီးယားအနုပညာရှင်တွေလည်း ထူးချွန်ဆုတွေသိမ်းပိုက်နိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီလို နိုင်ငံတကာက အနုပညာရှင်တွေကို ရွေးချယ်ဆုပေးခဲ့တဲ့ ဆုပေးပွဲမှာ ကေပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ "BTS"နဲ့ "GOT7"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ဆင်တို့ဟာ ဆုတွေလက်ခံရရှိခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖောက်ဇ်ရုပ်သံလိုင်းက လက်ခံကျင်းပပေးတဲ့ နှစ်စဉ်ကျင်းပမြဲ ဒီထူးချွန်ဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ ဩဂုတ် ၁၂ ရက်မှာ ပြုလုပ်ခဲ့ရာမှာတော့ နာမည်ကျော်ဟောလိဝုဒ်ကြယ်ပွင့် နစ်ခ်ကန်နွန်က အစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယခုနှစ်အတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ ကမ္ဘာတစ်ဝန်းက အနုပညာရှင်တွေအနက် ရွေးချယ်ခံခဲ့ရသူတွေကို ထုတ်ဖော်ကြေညာပေးခဲ့ရာမှာတော့ တေးဂီတပိုင်းမှာ ကေပေ့ါပ်ကြယ်ပွင့်တွေလည်း ဆုကို လက်ခံရရှိခဲ့ကြတာ ဖြစ်ပါတယ်။

အကြိမ်(၂၀)မြောက်ပြုလုပ်ခြင်းဖြစ်တဲ့ ယခုနှစ်ရဲ့ "Teen Choice Awards"ဆုပေးပွဲကြီးမှာတော့ တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့ "BTS"က "Choice International Artist"ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် "BTS"ကို အစဉ်အမြဲအားပေးလာခဲ့တဲ့ အမာခံပရိသတ်တွေအဖွဲ့ဖြစ်တဲ့ "ARMY"ကလည်း ပရိသတ်ဆု "Choice Fandom"ကို ရရှိခဲ့ပါတယ်။ နောက်ထပ်ကေပေ့ါပ်အမျိုးသားအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "GOT7"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျက်ဆင်ကလည်း ယခုနှစ်ဆုပေးပွဲကြီးမှာ "Choice Next Best Thing"ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံတကာ ဆုပေးပွဲတွေမှာ ထူးချွန်ဆုသိမ်းပိုက်နိုင်ခဲ့တဲ့ နောက်ထပ် ကေပေ့ါပ်ကြယ်ပွင့်တစ်ပွင့်အဖြစ် ပေါ်ပေါက်လာခဲ့ကြောင်းလည်း သိရပါတယ်။

ဒီလို နိုင်ငံတကာထူးချွန်ဆုပေးပွဲမှာ ဆုတွေလက်ခံရရှိလာတဲ့ ကေပေ့ါပ်ကြယ်ပွင့်တွေကို ဝမ်းမြောက်ဂုဏ်ယူကြောင်း ပရိသတ်တွေက သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်က ရေးသားဖော်ပြခဲ့ကြသလို ဒေသတွင်း မီဒီယာတွေကလည်း ဂုဏ်ပြုစကားတွေ ရေးသားဖော်ပြခဲ့ကြတယ်လို့လည်း သိရပါတယ်။

# ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာတဲ့ စလင်းဒီယွန်နဲ့ ရက်စယ်လ်ခရိုး

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဟာ လတ်တလောမှာတော့ ထပ်မံပေါ်ပေါက်လာခဲ့ပါပြီ။ သူတို့တွေကတော့ နာမည်ကျော်တေးသံရှင်တစ်ဦးဖြစ်တဲ့ စလင်းဒီယွန်နဲ့ မင်းသားတစ်ဦးဖြစ်သူ ရက်စယ်လ်ခရိုးတို့ ချစ်သူတွေဖြစ်နေကြောင်း သူတို့နဲ့ ရင်းနှီးတဲ့ အသိုင်းအဝိုင်းမှ ကောလာဟလတွေ စတင်ပေါ်ပေါက်လာခဲ့တာဖြစ်ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါသတင်းရင်းမြစ်ရဲ့ ထုတ်ဖော်ပြောကြားချက်အရ သူတို့နှစ်ဦးဟာ တိတ်တဆိတ်ချိန်းဆိုတွေ့ဆုံမှုတွေလည်း ရှိနေကြောင်း သိရပါတယ်။ သူတို့နှစ်ဦးဟာ ယခင်ကတည်းက ရင်းနှီးနေကြသူတွေလည်း ဖြစ်ပုံရကြောင်း ၎င်းက ဆိုပါတယ်။

စလင်းဒီယွန်ဟာ ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ပြီးနောက် နှစ်နှစ်ကျော်ကြာကာလမှာ ယခုလို ချစ်သူသစ်ရနေပြီဖြစ်ကြောင်း ကောလာဟလတွေ ပေါ်ပေါက်လာတာလည်း ဖြစ်ပါတယ်။ ဒီသတင်းတွေနဲ့ပတ်သက်ပြီး စလင်းဒီယွန်ရဲ့ ပြောရေးဆိုခွင့်ရှိသူက သတင်းတွေဟာ မှန်ကန်မှုမရှိကြောင်း၊ သူတို့နှစ်ဦး ချိန်းဆိုတွေ့ဆုံခဲ့ခြင်းမရှိကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းကို ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။





# တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲကို အားပေးခဲ့တဲ့ မီလီဘော်ဘီဘရောင်း

ဟောလိဝုဒ်ရဲ့ အလွန်ကို ကျော်ကြားတဲ့ လူငယ်သရုပ်ဆောင်တစ်ဦးဖြစ်သူ မီလီဘော်ဘီဘရောင်းဟာ လတ်တလောမှာတော့ ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ညီအစ်မတွေနဲ့အတူ သွားရောက်ကြည့်ရှုခဲ့တာ ဖြစ်ပါတယ်။ ဖျော်ဖြေပွဲရဲ့ စင်မြင့်နောက်ကွယ်မှာ တေလာဆွစ်နဲ့အတူ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံကိုလည်း လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာကို တွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၁၄ နှစ်အရွယ်သာ ရှိသေးတဲ့ မီလီဘော်ဘီဘရောင်းက တေလာဆွစ်ရဲ့ ဖျော်ဖြေပွဲမှာရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တွေနဲ့ ဓာတ်ပုံတွေကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့ စနေနေ့က ဖော်ပြခဲ့တာပါ။ ဒီဓာတ်ပုံတွေမှာတော့ မီလီဘော်ဘီဘရောင်းနဲ့အတူ ပေ့ဂျ်နဲ့ အေဗာတို့လည်း အတူလိုက်ပါလာတာကို တွေ့ရပါတယ်။ မီလီဘော်ဘီဘရောင်း ဖော်ပြခဲ့တဲ့ ဗီဒီယိုဖိုင်တွေထဲက နှစ်ခုကိုတော့ တေလာဆွစ်က သူ့ရဲ့ အင်စတာဂရမ်ပေါ်မှာ ပြန်လည်ဖော်ပြခဲ့ပါတယ်။ ဒီဗီဒီယိုဖိုင်တွေမှာတော့ မီလီဘော်ဘီဘရောင်းနဲ့ မိသားစုဝင်တွေရဲ့ ပုံရိပ်တွေအပြင် မင်းသမီးက တေလာဆွစ်ရဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ "Look What You Made Me Do"နဲ့ "Bad Blood"စတဲ့ တေးသီချင်းတွေကို လိုက်ပါသီဆိုရင်း ကခုန်နေတဲ့ပုံရိပ်တွေလည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။

ဂရမ်မီဆုများရှင် လေလာဆွစ်ဟာ လတ်တလောမှာတော့ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "Reputation"အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ဖျော်ဖြေရေးခရီးစဉ်တွေရဲ့ တစ်ဝက်ခန့်ပြီးဆုံးသွားပြီဖြစ်ကာ ပြီးခဲ့တဲ့ စနေနေ့မှာတော့ အတ္တလန္တာမှာ ဖျော်ဖြေပွဲပြုလုပ်ခဲ့တာဖြစ်ပါတယ်။ မီလီဘော်ဘီဘရောင်းတို့ ညီအစ်မတွေဟာ တေလာဆွစ်ရဲ့ အတ္တလန္တာဖျော်ဖြေပွဲကို လာရောက်အားပေးခဲ့တာလည်း ဖြစ်ပါတယ်။ "Reputation Tour"ရဲ့ နောက်ခရီးစဉ်အဖြစ် အင်္ဂါနေ့မှာ ဖလော်ရီဒါမှာ ဖျော်ဖြေပွဲ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။





**ဩဂုတ် ၁၂ ရက်က အမေရိကန်မှာ ကျင်းပခဲ့တဲ့ "Teen Choice Awards" ဆုပေးပွဲကို တက်ရောက်လာတဲ့ မင်းသမီး ကိုးလ်ဂရေ့စ်မိုရက်ဇ်။** (ကိုးလ်ဂရေ့စ်မိုရက်ဇ် ဝတ်ဆင်ခဲ့တဲ့ဝတ်စုံဟာ ဆုပေးပွဲညမှာ ကြယ်ပွင့်တွေရဲ့ ပွဲတက်ဝတ်စုံတွေအနက် အကောင်းဆုံးဝတ်စုံတစ်ခုအဖြစ် ဟောလိဝုဒ်မီဒီယာတွေရဲ့ ရွေးချယ်ဖော်ပြခြင်း ခံခဲ့ရပါတယ်။)



# ကမ်ဝူဘင်ကို လီဂျွန်ဆပ်ရဲ့ ကော်ဖီဆိုင်မှာ တွေ့ခဲ့ရ

ကင်ဆာရောဂါခံစားနေရပြီး ကုသမှုတွေခံယူနေရတဲ့ တောင်ကိုရီးယားမင်းသား ကမ်ဝူဘင်ကို လတ်တလောမှာတော့ မင်းသား လီဂျွန်ဆပ်ရဲ့ ကော်ဖီဆိုင်မှာ တွေ့ခဲ့ရကြောင်း သိရပါတယ်။ ဒီလို တွေ့ခဲ့ရာမှာတော့ ကမ်ဝူဘင်ဟာ ကျန်းမာနေပုံပေါ်နေပြီဖြစ်တယ်လို့လည်း သိရပါတယ်။

လီဂျွန်ဆပ်ရဲ့ ကော်ဖီဆိုင်မှာတွေ့ရတဲ့ ကမ်ဝူဘင်ရဲ့ ပုံရိပ်တွေဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတာကိုလည်း တွေ့ရပါတယ်။ ယင်းဓာတ်ပုံတွေမှာတော့ ကမ်ဝူဘင်ဟာ သူနဲ့အလွန်ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေတစ်ဦးဖြစ်သူ လီဂျွန်ဆပ် ဖွင့်ထားတဲ့ ဂန်းနန်းရပ်ကွက်က ကော်ဖီဆိုင်ကို သူငယ်ချင်းနဲ့အတူ သွားရောက်ခဲ့တာဖြစ်ပြီး ပြန်လည်ကျန်းမာလာပုံပေါ်နေတာကိုလည်း တွေ့ရပါတယ်။

ပရိသတ်က ကမ်ဝူဘင်ရဲ့ဓာတ်ပုံကို သူ့ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာဖြစ်ပြီး ဒီဓာတ်ပုံမှာတော့ ကမ်ဝူဘင်ဟာ ဆံပင်ရှည်ကို ဆေးဆိုးထားတာကိုလည်း တွေ့ရပါတယ်။ ကမ်ဝူဘင်ဟာ ပြီးခဲ့တဲ့နှစ်အတွင်း လည်ချောင်းကင်ဆာတစ်မျိုးခံစားနေရကြောင်း ပရိသတ်တွေကို ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပါတယ်။ ဆေးကုသမှုတွေကို ခံယူပြီးနောက် နောက်ဆုံးဖော်ပြခဲ့တဲ့ ဓာတ်ပုံမှာတော့ ကမ်ဝူဘင်ဟာ အတော်လေး ပိန်နေတာကို တွေ့ခဲ့ရပြီး ပရိသတ်တွေကလည်း သူ့ရဲ့ကျန်းမာရေးအတွက် စိုးရိမ်ခဲ့ကြပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ ကျန်းမာရေးအတော်ကောင်းလာပုံပေါ်နေကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

**အေးပြည့် - ရေးသားသည်**

# မိုင်းပန်မြို့နယ် နမ့်စန်–မိုးနဲ–မိုင်းတုံ–မိုင်းဆတ်လမ်းပေါ်ရှိ လွိုင်နွဲ့တံတားဖွင့်

**မိုင်းပန် ဩဂုတ် ၁၃**
ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ တံတားအမှတ် (၂/၈၁) လွိုင်နွဲ့တံတား ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီခွဲက အဆိုပါတံတားနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခွန်ရဲထွေးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မိုင်းပန်မြို့ အမှတ် (၂) မဲဆန္ဒနယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းက တံတားဖွင့်ပွဲအထိမ်းအမှတ် အမှာစကား ဆက်လက်ပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦး ဖြစ်သူ ဦးခင်မောင်ချိုက ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့သည်။



ဆက်လက်၍ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၊ မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းနောင်၊ အမှတ်(၂) မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းနှင့် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးအောင်ဟိန်းဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများက တံတားကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါတံတားသည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည်ပေ ၆၀၊ တံတားအကျယ် ယာဉ်သွားလမ်း ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်သုံးပေစီ၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀ နှင့် ရေလမ်းကင်းလွတ်အမြင့်မှာ တစ်ပေနှစ်လက်မရှိပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ခံနိုင်ရည်ရှိသည်။

စီမံကိန်းတန်ဖိုးအားဖြင့် ကျပ်သန်း ၁၈၀ ကုန်ကျခဲ့ကာ တံတားအထူးအဖွဲ့ ၁၂ က ၂၀၁၇-၂၀၁၈ ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်ခဲ့ကာ တံတားချဉ်းကပ်လမ်းကို လမ်းအထူးအဖွဲ့ ၄ က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ချဉ်းကပ်လမ်းအပါအဝင် တံတားအရှည်ပေ ၁၇၆၀ ရှိကြောင်း သိရသည်။

**မေ**

# အမာမြို့နယ်အတွင်းထူးကဲဒီရေမြင့်တက်ပြီး ရေလှိုင်းရိုက်ခတ်မှုကြောင့် လူနေအိမ်များပျက်စီး

**အမာ ဩဂုတ် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းစပ်ကျေးရွာများ၌ ဩဂုတ် ၁၂ ရက် ညနေပိုင်းမှစတင်၍ ထူးကဲဒီရေမြင့်တက်လာပြီး ဒီရေလှိုင်းရိုက်ခတ်မှုကြောင့် လူနေအိမ်သုံးလုံး ပြိုကျပျက်စီးခဲ့ကာ နေအိမ်ရှစ်လုံး ယိုင်နဲ့သွားကြောင်း သိရသည်။

မင်္ဂလာသောင်တန်းကျေးရွာတွင် မွန်းလွဲ ၂ နာရီခွဲတွင် ပင်လယ်ဒီရေမြင့်တက်လာပြီး ရေလှိုင်းရိုက်ခတ်မှုကြောင့် ခနိမိုး၊ ခနိကာ၊ ဝါးခင်းနေအိမ် ရှစ်လုံး ယိုင်နဲ့သွားခဲ့ကြောင်း နောက်မီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးရင်စိန်ထံမှ သိရသည်။

ဒေါ်ညိမ်းကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာတွင် ညနေ ၃ နာရီ ၁၅ မိနစ်က ပင်လယ်ဒီရေမြင့်တက်လာပြီး ရေလှိုင်းဂယက်ရိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး၊ ခါးပြတ်ကျေးရွာတွင် နေအိမ်နှစ်လုံး စုစုပေါင်း သုံးလုံးပြိုကျပျက်စီးခဲ့ကြောင်း ဒေါ်ညိမ်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေပေါ်ထံမှ သိရသည်။

နေအိမ်ပြိုကျယိုင်နဲ့သော မိသားစုများမှာ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်ကြရပြီး ကျန်ကမ်းစပ်နှင့်နီးသည့်နေအိမ်များအား ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နေထိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### လေးမျက်နှာမြို့နယ် ကျုံပိကျေးရွာတွင် လျှပ်စစ်မီး ၂၄နာရီရရှိ

**လေးမျက်နှာ**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာအုပ်စု ကျုံပိကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီက ကျင်းပသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းအား ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းမှ ခွင့်ပြုရန်ပုံငွေ ၄၇ ဒသမ ၉ သိန်း၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေ ၈၄ ဒသမ ၃၈ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၈၉ လုံးတွင် ၂၄ နာရီလျှပ်စစ်မီး စတင်သုံးစွဲနိုင်ပြီဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားကာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ထွန်းဇော်ထွန်း (မြန်မာစာ)**

### သရက်ချောင်းတွင် မူခင်းအသိပညာပေး

**သရက်ချောင်း**
တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် တီတွတ်ပြင်ကျေးရွာ အထက(ခွဲ) အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီက မူခင်းအသိပညာပေးဟောပြောပွဲကျင်းပသည်။

သရက်ချောင်းမြို့မ စခန်းမှူး ဒုရဲမှူးမြသောင်းက ကျောင်းသား ကျောင်းသူများကို သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးနှင့် မူးယစ်အန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းများကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

### လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု ရက်တိုသင်တန်း မြစ်ကြီးနား၌ဖွင့်

**မြစ်ကြီးနား**
ကချင်ပြည်နယ် သမဝါယမဦးစီးဌာနမှူးကြီးမှူး၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်တို့အတွင်းရှိ သမဝါယမအသင်းများတွင် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေး စီမံခန့်ခွဲမှုရက်တိုသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ဧရာရပ်ကွက်ရှိ ပြည်နယ် သမဝါယမဦးစီးဌာနမှူးရုံး ဆွတ်ဂျာအိန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းအား ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သွားမည်ဖြစ်ကာ သမဝါယမဘာသာရပ်၊ စာရင်းစစ်ဆေးခြင်းဘာသာရပ်၊ စာရင်းရေး၊ စာရင်းကိုင်ဘာသာရပ်၊ သမဝါယမအသင်းများတွင်ရှိရမည့် ပုံစံရှစ်မျိုး ထိန်းသိမ်းခြင်း၊ ရေးဆွဲခြင်းဘာသာရပ်နှင့် Daedong, Hire Purchase, EXIM ဘာသာရပ်များ သင်ကြားကြောင်းသိရသည်။ **သူရိန်စိုး(ကချင်မြေ)**

### ဝါးခယ်မတွင် သဘာဝဘေးအန္တရာယ်အသိပညာပေး

**ဝါးခယ်မ**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများသာမက ကျောင်းသား ကျောင်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ပါက ထိခိုက်ဆုံးရှုံးမှု လျော့နည်းကျဆင်းစေရေး၊ သက်ငယ်မုဒိမ်း ဖြစ်ပွားမှုဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာများ ရရှိစေရေးကို ရည်ရွယ်ပြီး ဟောပြောပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက အထက (၂) ဘုရင့်နောင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

မြို့နယ် မိခင်နှင့် ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ပတ်သက်၍ ဖြစ်ပွားရသည့် အကြောင်းအရာများ၊ ကြုံတွေ့ပါက အသက်အိုးအိမ်များ ထိခိုက်ဆုံးရှုံးမှု လျော့နည်းကျဆင်းစေရေးအတွက် ဆောင်ရွက်သင့်သည်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်နိုင်က သက်ငယ်မုဒိမ်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ဖြစ်စဉ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များကို လည်းကောင်းအသိပညာပေးဟောပြောခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ရှိ စာသင်ကျောင်းများတွင် ငလျင်ဘေးအန္တရာယ်ပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်

**မြစ်ကြီးနား ဩဂုတ် ၁၃**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတာရပ်ကွက် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ အင်ဂျန်းခခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက စာသင်ကျောင်းအခြေပြု ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အဖွင့်အမှာ စကားပြောကြားခဲ့သည်။

ထို့နောက် ကချင်ပြည်နယ် ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဆရာမကြီးဒေါ်ခင်သန်းနွဲ့က ပြည်နယ်အတွင်း စာသင်ကျောင်းအခြေပြု ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အကြိုနည်းပြသင်တန်းဖွင့်လှစ်မှုအခြေအနေနှင့် အခြေခံပညာကျောင်းများတွင် ငလျင်ဘေးအန္တရာယ် ကြိုတင်ဇာတ်တိုက်လေ့ကျင့်သွားရန် ကျောင်း ၁၂ ကျောင်းအား ဆောင်ရွက်ထားကြောင်း ပြောကြားသည်။

ကချင်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် ငလျင်လှုပ်ခတ်မှုမဖြစ်ပွားမီ၊ ဖြစ်ပွားစဉ်နှင့် ဖြစ်ပွားပြီး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကာ ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကျောင်းအခြေပြု ဇာတ်တိုက်လေ့ကျင့်ခြင်း ဗီဒီယိုမှတ်တမ်းခွေကို ဖွင့်လှစ်ပြသခဲ့သည်။

ဆက်လက်၍ ငလျင်ဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဇာတ်တိုက်လေ့ကျင့်မည့် အစီအမံများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြကာ အဆိုပါကျောင်းအတွင်း ငလျင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့ကျန်းမာရေး၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၅၀၀ ကျော်က ငလျင်လှုပ်ခတ်ရန် အသိပေးကြေညာချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ငလျင်လှုပ်ခတ်နေချိန်နှင့် ငလျင်လှုပ်ခတ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ချိန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြင်ဆင်မှုများကို စုပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ကယားပြည်နယ်တွင် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး လေ့ကျင့်စဉ်များ စုပေါင်းဆင်နွှဲ

**လွိုင်ကော် ဩဂုတ် ၁၃**
ကယားပြည်နယ် လွိုင်ကော်မြို့အားကစားနှင့် ကာယပညာသိပ္ပံဝင်းအတွင်း ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီတွင် ကယားပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေး ဦးဆောင်၍ ပြည်သူ ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပြီး Fit Way Fitness မှ ဆရာဟန်ဇော်အောင်၊ ရုပ်ရှင်သရုပ်ဆောင် ဂျင်းနီတို့နှင့်အတူ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးလေ့ကျင့်စဉ်များကို တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြသည်။



Fit Way Fitness မှ ဆရာဟန်ဇော်အောင်နှင့် သရုပ်ဆောင်ဂျင်းနီတို့အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့် အမှုဆောင်တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေသစ်ဦး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၃**
ယခုနှစ်မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များရှိ လမ်းမကြီးများပေါ်တွင် ရေဝပ်နေမှုများကြောင့် ချိုင့်ခွက်များနှင့် ကတ္တရာလမ်း၊ အဖုအထစ်များဖြစ်ကာ ပျက်စီးနေမှုတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းနှင့်တံတားအင်ဂျင်နီယာဌာနမှ လမ်းဖာထေးခြင်းနှင့် လမ်းပြုပြင်မှုလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်တံတားမြို့နယ်အတွင်းရှိ လမ်းမကြီးများတွင် ချိုင့်ခွက်များနှင့် ကတ္တရာလမ်း ပျက်စီးနေမှုတို့ကို စည်ပင်အင်ဂျင်နီယာ၊ ဒုတိယအင်ဂျင်နီယာနှင့် စည်ပင်လမ်းလုပ်သားများက ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် စုပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မေ၄**

# ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ညောင်ရွှေ ဩဂုတ် ၁၃**
ဆေးလိပ်ငွေ့ကင်းစင် အင်းလေးတစ်ခွင် လှုပ်ရှားမှုအဖြစ် ကျောင်းအခြေပြု မီနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲက ညောင်ရွှေမြို့၌ ကျင်းပသည်။

မီနီမာရသွန်ပြိုင်ပွဲကို မြို့မဈေးမီးပွိုင့်စုရပ်မှ စတင်တာလွှတ်၍ ညောင်ရွှေ-ရွှေညောင်လမ်း သတ်မှတ်လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်ပြီး မြို့မအားကစားကွင်းတွင် ပန်းဝင်ခဲ့သည်။

အဆိုပါ ပြိုင်ပွဲသို့ အငယ်တန်းနှင့် အကြီးတန်းပြိုင်ပွဲဝင် ၃၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ထားဝယ်တွင် နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကျင်းပ

**ထားဝယ် ဩဂုတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဦးဆောင်၍ နိုင်ငံတကာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က လူငယ်များမှ မိမိတို့၏ ရင်တွင်းအသံများကို ဖွင့်ဟဆွေးနွေးကြရန်နှင့် မိမိတို့ ဒေသဖွံ့ဖြိုးရေးမှာလည်း ပါဝင်နိုင်ရန် တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအခွင့်အရေးအပြည့်အဝ ရရှိစေရေးနှင့် လူငယ်များကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် မြန်မာနိုင်ငံလူငယ်ရေးရာ မူဝါဒကို ရေးဆွဲဆောင်ရွက်ခဲ့ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ဦးသူရစိုး(ခ)ကိုဟိန်းထက်က နိုင်ငံတကာ လူငယ်များနေ့အခမ်းအနား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကဏ္ဍအသီးသီးမှ လူငယ်များက မူဝါဒရေးရာ စကားဝိုင်းပြုလုပ်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက လူငယ်မူဝါဒပါ ကဏ္ဍများနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးအတွက် လက်တွေ့ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အုပ်စုဖွဲ့ဆွေးနွေးပြီး ၎င်းတို့၏ ဆွေးနွေးချက်များအပေါ် ပြန်လည်တင်ပြကာ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူး ကိုဝေဖြိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ တွဲဖက်အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ပြည်ထောင်စုကိုယ်စားလှယ် ဦးသူရစိုး(ခ) ကိုဟိန်းထက်နှင့် ကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အလိုက် လူငယ်ရေးရာကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

တိုတိုထွာထွာဖတ်စရာ

## မွန်ပြည်နယ် သတင်းစာဆရာများအသင်း သက်ကြီးပူဇော်

**မော်လမြိုင်**

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး (မော်လမြိုင်)၌ ဩဂုတ် ၁၂ ရက် မွန်းတည့် ၁၂နာရီက မြန်မာနိုင်ငံသတင်းစာဆရာအသင်း (မွန်ပြည်နယ်) ၏ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (တတိယအကြိမ်) နိုင်ငံလုံးဆိုင်ရာ ညီလာခံအတွေ့အကြုံ ရှင်းလင်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အတွင်းရှိ သက်ကြီးသတင်းစာဆရာကြီး ခြောက်ဦးအား ဂါရဝပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံအတွေ့အကြုံများအား အသင်းနာယက သတင်းစာဆရာကြီးဦးဝင်းကြည်နှင့် (မွန်ပြည်နယ်)အသင်းဥက္ကဋ္ဌ ဦးစိုးအောင်တို့က အသင်းဝင်သတင်းစာဆရာများ သိသင့်သိထိုက်သည့် အကြောင်းအရာများနှင့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ကြို့ပင်ကောက်၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေး

**ကြို့ပင်ကောက်**

ကြို့ပင်ကောက်မြို့ စက်တိုင်ကုန်းရပ်ကွက် ပျဉ်ထောင်ရပ် အမက ၅ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ကျောင်းကျန်းမာရေးစစ်ဆေးခြင်းတွင် ဒေါက်တာဦးသက်နိုင်မြင့် ဦးဆောင်ပြီး ကျန်းမာရေးဝန်ထမ်း ၁၀ ဦးက သွားနှင့်ခံတွင်းစစ်ဆေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ ဖျားနာနေသည့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်းပြီး အာဟာရတိုက်ကျွေးခြင်း၊ သွားတိုက်တံနှင့် သွားတိုက်ဆေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဇေယျာထွန်း (ကြို့ပင်ကောက်)**

## ဒီမော့ဆို၌ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ဒီမော့ဆို**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များမှ ငွေတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွင်း ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးအောင်မင်း၊ ဒုရဲမှူး ဇေယျာမင်းနှင့် မြို့မရဲစခန်း ဒုရဲမှူး ရဲမြင့်၊ တပ်ဖွဲ့ဝင် ၄၀ နှင့် မိသားစုဝင်များက ငွေတောင်ဘုန်းတော်ကြီးကျောင်းရှေ့မျက်နှာစာ မြက်ပင်များ၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အသစ်ဆောက်လုပ်လျက်ရှိသည့် သိမ်တော်အတွင်းသို့ သဲကျောက်နှင့် ဘိလပ်မြေသယ်ဖို့ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**



# စစ်တောင်းမြစ်ထူးကဲဒီရေမြင့်တက်မှုကြောင့် ကျိုက်ထို ကျေးရွာချင်းဆက်တံတား ချဉ်းကပ်လမ်းမြေသားများပြိုကျ

**ကျိုက်ထို ဩဂုတ် ၁၃**

ကျိုက်ထိုမြို့နယ်၌ ဩဂုတ် ၁၃ ရက် နံနက် ၅ နာရီတွင် စစ်တောင်းမြစ်ရေထူးကဲဒီရေ မြင့်တက်မှုကြောင့် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ ပိုက်ဆိပ်ရပ်ကွက်ရှိ မြေနိမ့်ပိုင်းသို့ ရေအမြင့် ငါးပေခန့်အထိ ဒီရေဝင်ရောက်ခဲ့သည်။

မြေနိမ့်ပိုင်း ရေဝင်ရောက်သော ပိုက်ဆိပ်ရပ်ကွက်နေ အိမ်ထောင်စု ၁၄ စု၊ လူဦးရေ ၈၄ ဦးတို့အား မရမ်းချောင်းကျေးရွာရှိ ရွှေဂူကုန်းကျောင်းတိုက်ဓမ္မာရုံသို့ ယာယီရွှေ့ပြောင်းထားပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအဖွဲ့များက ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ထို့အပြင် နံနက် ၇ နာရီခန့်တွင် မုပ္ပလင်ကျေးရွာနှင့် စွပ်ပွန်းကျေးရွာသွား ကျေးရွာချင်းဆက် အရှည် ၁၆ ပေ၊ ၆ လက်မ၊ အကျယ် ၁၀ ပေရှိ ကုက္ကိုတန်း သံကူကွန်ကရစ်ချောင်းကူးတံတား၏ မုပ္ပလင်ကျေးရွာဘက်ခြမ်းချဉ်းကပ်မြေသားလမ်း အလျား ၁၅ ပေ၊ အနံ ၁၀ ပေခန့် ပြိုကျခဲ့သည်။ အဆိုပါမြေသားများ ပြိုကျမှုကြောင့် မုပ္ပလင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးလွင်နှင့် အဖွဲ့မှ လူနှင့်ယာဉ်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ဖြတ်သန်းသွားလာမှုကို ယာယီပိတ်ထားကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# သောင်ရင်းမြစ်ကမ်းပါးထိန်းသိမ်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကြည့်ရှု

**မြဝတီ ဩဂုတ် ၁၃**

ကရင်ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်သည် သောင်ရင်းမြစ်ကမ်းပါး ထိန်းသိမ်းရေးလုပ်ငန်းများ၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ဩဂုတ် ၁၂ ရက်မွန်းလွဲ ၂ နာရီခွဲက မြဝတီမြို့သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးသည် အေးချမ်းဖြိုးရိပ်သာတွင် မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ မြဝတီမြို့တွင် ရေကြီးရေလျှံမှုအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေတွင်း၊ ရေကန် သန့်ရှင်းရေး၊ နေအိမ်ပြန်သည့်အခါ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆောင်ရွက်ပေးနိုင်ရေး၊ ပျက်စီးဆုံးရှုံးသွားသည့် သီးနှံများအတွက် မျိုးစေ့ရရှိရေးနှင့် ပြန်လည်စိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို မှာကြားသည်။


ထို့နောက် ပြည်နယ်ဝန်ကြီးသည် မယ်ထော်သလေးကျေးရွာ(ရှမ်းစု)နှင့် မာမီဂိတ်အနီးရှိ သောင်ရင်းမြစ်ကမ်းပါးများ မိုးရာသီအတွင်း သောင်ရင်းမြစ်ရေများ တိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျပျက်စီးသွားသော အခြေအနေများ၊ ဒေသအစီအစဉ်ဖြင့် မြစ်ကမ်းပါး ထိန်းသိမ်းရေးဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ မြဝတီမြို့ အမှတ် (၃) ရပ်ကွက်နှင့် ဗိုလ်ချုပ်လမ်းမကြီးတွင် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရေမြောင်းများ ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် အာဇာနည်ခန်းမ၌တွေ့ဆုံရာ မြဝတီမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်အောင်တို့က လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုထိန်(မြဝတီ)**






မြန်မာပြည်တွင် လာရောက် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီတွင် ခန့်အပ်မည်

**Sales Representative - M/F(77)**

- Any Graduate, Age 20 ~ 25.
- At Least 1year Experience in FMCG Field as Sales Representative.
- Must have Driving Skills & a driving licence for All Candidate.
- For Yangon M/F(25) - For Mandalay M/F(20) - For Taunggyi M/F(8)
- For Pyinmanar M/F(8) - For Pyay M/F(8) - For Mawlamyaing M/F(8)
- Salary - 300,000/-Ks ++

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ VAC Jobsearch

VAC VALUE ADDED CONSULTANCY

No. 118, 6th Floor, 23rd Street, Latha Township, Yangon
Ph: 01-395917 ,09-5102094,09-73022727
E-mail: cv@vacjobsearch.com

**EAZY DRIVE**
**ကားမောင်းအမြန်ရက်တိုသင်တန်း**
- ရန်ကုန်မြို့ထဲလမ်းများပေါ်တွင် ကိုယ်တိုင်ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်ရန်နှင့် မြို့ထဲကားပါကင် အမြန်ထိုးနိုင်အောင် တစ်ဦးချင်းသီးသန့်အမြန်ရက်တို အတတ်သင်ပေးသည်။
- လိုင်စင်ဖြေဆိုလိုသူများ ကားပါကင် အထူးသီးသန့်သင်ပေးပြီး၊ လိုင်စင်ကိစ္စ ကူညီပေးမည်။ **ဖုန်း-၀၉-၂၆၄၈၀၇၆၉၉**

ရန်ကုန်လိုင်စင်အားဆောင်းစည်/ငှားစည်
Alphard 2003 (6)ယောက်စီး 2.4 2w အော်တိုစလိုက် ၂ချပ်အော် TV နှစ်လုံးနိုင်ငံနှရောင်လိုင်စင်အသစ် ရောင်း၃၃၀သိန်း/ငှားဆေးသိန်းခွဲ
09450030589,09421966133

**တိုက်ခန်းအမြန်ရောင်း/အလဲအထပ် (ကား/ခြံ)**
တောင်ဥက္ကလာ (၁၃)ရပ်ကွက်ရှိ ပေ(၁၉×၅၅)၊ (BCC)ကျပြီး
မြေညီ(Hall Type) - သိန်း ၇၀၀
၅လွှာ (ပြင်ဆင်ပြီး) - သိန်း ၄၂၀
၆လွှာ (Hall Type) - သိန်း ၃၅၀
**ဆက်သွယ်ရန်**
**ဖုန်း-၀၉-၂၅၂၀၀၆၇၉၆**

**အမည်ပြောင်းလဲခြင်း**
နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ဦးမင်းဒင်ရပ်ကွက် ပညာ့ပန်းတိုင်၊ ကိုယ်ပိုင်အထက်တန်းကျောင်း၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော အဖ ဦးဇေယျာမိုး၏ သမီးဖြစ်သူ မယွန်းအိန္ဒြေခင်(ခ)မအိန္ဒြေချယ်မှုန်းအား မယွန်းဝတ်လွှာခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဖခင်-ဦးဇေယျာမိုး**

မင်္ဂလာပါ
09-450042704
09-250095116
09-420096296

**မီး**
**သတိပြု**


Crompton Greaves
33 kV Indoor Gas Insulated switchgear (CG India)
Model
36 GIS Control Panel
Special Features:
- Fully type tested
- Compact design & reduced space requirement
- Sealed for life
- High degree of reliability and safety
- Virtually maintenance free equipment
- Easy future extensibility of the network through flexibke plug in connectors.
- Ring type current Transformers
- Touch proof cable connectors & bus bar
Shihlin Electric
Miniature Circuit Breaker (MCB)
Magnetic Contactor (MC) / Thermal Overload Relay (TOR)
Residual Current Circuit Breaker (RCCB)
Molded Case Circuit Breaker (MCCB)
Motor Starter
Air Circuit Breaker (ACB)
PME Holding Co., Ltd.
ISO 9001: 2015
YANGON HEAD OFFICE & SHOWROOM
NO.137/139, BOTAHTAUNG PAGODA RD, BOTAHTAUNG T/S, YANGON.
TEL : 01-202117 FAX: 01-296688
YANGON SERVICE CENTER
NO.171, MYA NANDAR RD, THARKAYTA INDU ZONE, THARKAYTA T/S, YANGON.
TEL : 01-450950, 450970, 450971 FAX : 01-551115
NAYPYITAW SHOWROOM
NO. 160, THIRIYADANAR SHOPPING COMPLEX, ZABUTHIRI T/S, NAY PYI TAW.
TEL : 067 - 420794, 421306 FAX : 067 - 421307
MANDALAY SHOWROOM & SERVICE
NO.900, 78TH RD, KHIN SAW MU GWET, MAHA AUNG MYAY T/S, MANDALAY.
TEL : 02-4033506, 4024268 FAX : 02-24268
http://www.pmeholding.com
https://www.facebook.com/PeaceMyanmarElectric/

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သိန်းဝင်း(ခ)ဒေါ်သီသီ (B.Sc, B.Ed) (၇၃)နှစ်**

**အလပြ(ငြိမ်း)၊ အလက(၁)ဒဂုံ**

**MLA ကိုယ်ပိုင်ကျောင်း**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ အနောက်လက်ပံခုန်ရပ်ကွက်နေ (ဆရာကြီးဦးကျော်ဝ-ဆရာမကြီးဒေါ်သန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်(မြောက်)၊ မင်္ဂလာလမ်း၊ အမှတ်(၆၅)နေ ဒေါ်ခင်ခင်ဝင်း၏ညီမ၊ ဦးခင်မောင်ကျော်၊ ဒေါ်ခင်မာနီ(အထပြ-ငြိမ်း၊ အထက-၃၊ ကြည့်မြင်တိုင်၊ Great Light ကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏အစ်မ ဒေါ်ခင်သိန်းဝင်းသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆း၅၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်စောကြိုင်(ခ)ဒေါ်ကြိုင်**

**အသက်(၈၃)နှစ်**

မအူပင်မြို့၊ အမှတ်(၃၇)၊ ဘောကွင်း(၃)လမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ညိုညိုလွင် (Manager-CB Bank)၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်စောကြိုင်(ခ)ဒေါ်ကြိုင်သည် ၈-၈-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CB Bank မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်အေး (ဒါရိုက်တာ ရတနာသိင်္ဂီကုမ္ပဏီ)**

**အသက် (၇၁) နှစ်**

International Business Promotion Centre အဖွဲ့ဝင် ဦးအိုက်ရီ၏ အစ်ကို ဦးမောင်မောင်အေး (ဒါရိုက်တာ ရတနာသိင်္ဂီကုမ္ပဏီ) အသက် (၇၁) နှစ်သည် ၉-၈-၂၀၁၈ (ကြာသပတေးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**International Business Promotion Centre**
**အဖွဲ့ဝင်များ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးချစ်ဆွေ(ငြိမ်း)**

**အသက်(၆၃)နှစ်**

သူငယ်ချင်း ဒေါ်ချိုချိုညွန့်၏ ချစ်လှစွာသောခင်ပွန်း၊ ငါတို့အားလုံးရဲ့ ချစ်လှစွာသော သူငယ်ချင်းချစ်ဆွေ ၁၁-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနဲ့အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၄ -၁၉၇၈)**
**သချာင်္အဓိက သူငယ်ချင်းများ**
**မန္တလေးတက္ကသိုလ်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဇော်မင်းအောင်**

**တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ရူပဗေဒဌာန**

**မအူပင်တက္ကသိုလ်**

**အသက်(၆၃)နှစ်**

ချစ်သူငယ်ချင်း ဒေါက်တာဇော်မင်းအောင် အသက် (၆၃) နှစ်သည် ၁၀-၈-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ် ၇၃-ရူပဗေဒ**
**မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်လင်း (ဘူမိဗေဒကြီးကြပ်ရေးအရာရှိ)**

**အသက် (၆၂) နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အထူးအဖွဲ့(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းမြ၏ခင်ပွန်း ဦးခင်မောင်လင်းသည် ၁၁-၈-၂၀၁၈(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦဦးစီးဌာန**
**အဆောက်အဦဌာနခွဲမှ ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ထွန်းဦး (အင်ဂျင်နီယာချုပ်)**

**အသက် (၅၉) နှစ်**

ဦးတင်ထွန်းဦး[အင်ဂျင်နီယာချုပ်(ဗိသုကာဌာနခွဲ)၊ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]သည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) တွင်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦဦးစီးဌာန**
**အဆောက်အဦဌာနခွဲမှ ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဇောထွန်း (၄၆)နှစ်**

**World Food Programme, Myanmar**

သူငယ်ချင်း ဒေါက်တာကေသီအေး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ချစ်လှစွာသောခင်ပွန်း၊ မရင်ဖြူဖြူလှိုင် (Wisdom Private High School, Myanmar)၏ဖခင်ဖြစ်သူ ဦးကျော်ဇောထွန်းသည် ၁၁-၈-၂၀၁၈ ရက် ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**LL.B (1996) Batch, Yangon University**
**လူမှုကူညီရေးအဖွဲ့ သူငယ်ချင်းများ**

---

**ဦးဝင်းစိန်(မြောင်းမြမြို့)**

**အသက် (၈၄) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၈)လမ်းနေ ဦးအကင်း-ဒေါ်ကြင်မြင့်တို့၏သားငယ်၊ (ဦးကျင်ဟုတ်-ဒေါ်ချွန်ရင်)၊ (ဦးအစိန်)-ဒေါ်ကျင်စိန်၊ (ဦးလျှံစိန်)-ဒေါ်ငွေယုံတို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ ရွှေကမ္ဘာအိမ်ရာ၊ တိုက်(A-၄)၊ အခန်း(၅၀၂)၊ မင်းဓမ္မလမ်းနေ ဒေါ်ခင်စန်းဝေ၏ခင်ပွန်း၊ ဦးသန်းနိုင်ဝင်း-ဒေါ်ယဉ်ယဉ်ဝေ၊ ဦးအောင်နိုင်ဝင်း၊ ဒေါ်တင်မိုးလှိုင်၊ ဦးဇင်လင်းထွန်း-ဒေါ်စုထက်ထက်အောင်၊ ဦးအောင်မင်းနိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးဝင်းစိန်သည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ဖူးကျင့်တရုတ်သုသာန်သို့ပို့ဆောင် ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဦးအောင်ဝင်း**

**စခန်းမှူး၊ ကြိုးမဲ့ (ငြိမ်း)**

**အသက်(၈၀)**

မြင်းခြံမြို့နေ (ဦးစိုးဖေ-ဒေါ်ဖဲ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၉၀၆)၊ ငွေဇင်ယော်-ကဖီးအပေါ်ထပ်နေ ဒေါ်ဝင်းကြည်၏ခင်ပွန်း၊ ဦးအေးကို-(ဒေါ်လှလှနွယ်)၊ ဦးကျော်ကျော်လင်း-ဒေါ်တင့်တင့်မော်၊ ဦးဝင်းဆန်းဦး-ဒေါ်မာမာသန်း၊ ဦးဆန်းဝင်းဦး-ဒေါ်တင်လဲ့လဲ့ကျော်၊ (ဦးတင်မော်သန်း)-ဒေါ်မာမာဝင်း၊ ဦးသန်းထွန်း-ဒေါ်ချိုချိုဝင်း၊ ဦးစိုးမြတ်-ဒေါ်ခိုင်စံပယ်လတ်တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးခင်မောင်လင်း**

**အသက်(၆၂)နှစ်**

**အမှုဆောင်အရာရှိ(က)ဘူမိဗေဒ(ငြိမ်း)**

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ စကားဝါလမ်း၊ တိုက်(၁)၊ အခန်း(၁)၊ ဆောက်လုပ်ရေးရိပ်သာနေ (ဦးချစ်ဆွေ-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးဘလှိုင်-ဒေါ်စိန်)တို့၏သားသမက်၊ (ဦးခင်မောင်ဝင်း)-ဒေါ်သန်းမှီတို့၏ညီ၊ (ဦးဇော်ဝင်း)၏အစ်ကို၊ ဦးမြင့်စိုး-ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်သန်းရီ၊ ဦးလှမြင့်-ဒေါ်ခင်ဌေးဦးတို့၏ညီ/မောင်၊ ဦးသက်နိုင်ဦး-မအိမ့်နန်ခိုင်၊ ဒေါက်တာတေဇ-မဉမ္မာချစ်ပန်(UK)၊ ကိုဝေလ-မမေမျိုးမျိုးခိုင်၊ မယဉ်ယဉ်ဝိုင်း၊ မောင်ပြည့်ဖြိုးလှိုင်တို့၏ ဦးလေး၊ ဒေါ်ဝင်းမြ (ဒု-ညွှန်ကြားရေးမှူး၊ အထူးအဖွဲ့-၃၊ အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ မအိချိုစင်(ခ)မအေးမြလင်း (နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေးတက္ကသိုလ်-၁)၏ မွေးသဖခင်သည် ၁၁-၈-၂၀၁၈ ရက် ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ်(၁)၊ ခန္ဓာဗေဒဌာနသို့ လှူဒါန်းပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်အုံးတင်**

**အသက်(၈၅)နှစ်**

**ဘီလူးကျွန်း၊ ကမာကျေးရွာ**

(ဦးထွန်းစိန်-ဒေါ်ငွေကျင်)တို့၏ သမီး၊ (ဦးလှတင်)၏ညီမ၊ ဒေါ်တင်ညွန့်၊ ဒေါ်စိန်သန်းတို့၏ အစ်မ၊ သားသမီး ၁၀ ယောက်တို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်အုံးတင်သည် ၁၁-၈-၂၀၁၈ (စနေနေ့) နံနက် ဝဝး၂၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စိန်ကန့်လန့်ကျေးရွာ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် စိန်ကန့်လန့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်စန္ဒာအောင် (၄၉)နှစ်**

**(B.A- Philosophy)**

**လပြည့်ဝန်းပဲမျိုးစုံရောင်းဝယ်ရေး**

**သူဌေးကုန်း-ဆားမလောက်ကျေးရွာ၊ ညောင်တုန်းမြို့နယ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ်(၆-B)၊ မြေညီထပ်နေ (ဦးလှအောင်-ဒေါ်ခင်ငြိမ်း)တို့၏သမီး၊ ဒေါ်မြင့်မြင့်သန်းအောင် (Director Thousand Win Co., Ltd)၊ ဦးဝင်းကျော်-ဒေါ်စန်းစန်းနွဲ့၊ ဒေါ်ယဉ်ယဉ်သန်းအောင်(MD Thousand Win Co., Ltd)တို့၏ညီမ၊ ဦးအောင်ကျော်မိုး-ဒေါ်ဖြူဖြူလှိုင်၊ ဦးနေအောင်-ဒေါ်နွဲ့ယဉ်ဝင်းတို့၏အစ်မ၊ မောင်ဇွဲထက်အောင်၊ မမေသန့်ကို (အထက-၆၊ အလုံ)တို့၏မိခင်၊ ဦးဇော်ဟန်၏ချစ်လှစွာသောဇနီး၊ တူ/တူမ လေးယောက်တို့၏အဒေါ် ဒေါ်စန္ဒာအောင်သည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)**

**ဦးသောင်းစိန်(ဒေးဒရဲ)**

**အသက်(၈၇)နှစ်**

ဒေးဒရဲမြို့နေ (ဦးမြချို-ဒေါ်သိန်းတင်)တို့၏သား၊ ရွှေပေါက်ကံ (၁၂) ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၁၁၁၇)နေ ဦးသောင်းစိန်(အသင်းဝင်အမှတ်(၁၆၃၉)သက်ကြီးကန်တော့ခံပုဂ္ဂိုလ်)သည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

**ဒေါ်စန္ဒာအောင် (၄၉)နှစ်**

**(B.A- Philosophy)**

**လပြည့်ဝန်းပဲမျိုးစုံရောင်းဝယ်ရေး**

**သူဌေးကုန်း-ဆားမလောက်ကျေးရွာ၊ ညောင်တုန်းမြို့နယ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စက်တွင်းလမ်း၊ အမှတ်(၆-B)၊ မြေညီထပ်နေ (ဦးလှအောင်-ဒေါ်ခင်ငြိမ်း)တို့၏သမီး၊ ဆားမလောက်ကျေးရွာအထက်ပိုင်းရပ်ကွက်နေ (ဆရာဦးသိန်းအောင်-ဒေါ်ခင်အေး)တို့၏သမီးချွေးမ၊ ဇီးဖြူကျွန်းကျေးရွာနေ ကိုမောင်ဦး-ဒေါ်ထားထားသက်၊ ညောင်တုန်းမြို့၊ (၂၃)လမ်းနေ ဦးတရုတ်ကြီး၊ ဒေါ်ကျင်ဆိုင်(မူ/အုပ်၊ ဝါးတော)၊ ဆားမလောက်အထက်ပိုင်းနေ ဦးညွန့်လွင်-ဒေါ်သိန်းသန်းအေး (အလပြ-ငြိမ်း)၊ အထက်ပိုင်းရပ်ကွက်နေ ဦးကျော်လေး-ဒေါ်ချိုတို့၏ညီမ၊ ဦးဇော်ဟန်၏ ချစ်လှစွာသောဇနီး၊ မောင်ဇွဲထက်အောင်၊ မမေသန့်ကို (အထက-၆၊ အလုံ)တို့၏မိခင် ၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်စန္ဒာအောင်သည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁နာရီတွင် ရန်ကုန်မြို့၊ အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွား ပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက်တွင် ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာ၊ သူဌေးကုန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဒေါ်နယ်လီဆံနီ(ပုဇွန်တောင်)**

**အသက်(၇၉)နှစ်**

**စာရင်းကိုင်(ဒု)**

**ဆောက်လုပ်ရေး(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ညောင်တန်းလမ်းနေ (ဦးဆံနီ-ဒေါ်စောချစ်)၊ (ဦးမေအောင်-ဒေါ်ခင်သန်း)တို့၏ သမီး၊ ဒေသ(၇) ဆောက်လုပ်ရေးဝင်း (သန်လျင်)နေ [ဦးတင်လတ် (အိုးအိမ်-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးမြတ်သူ၊ ဒေါ်ခင်မျိုးနှင်း၊ ဒေါ်နှင်းယုဝေ၊ ဒေါ်စုနှင်းလတ် [CORNER(3)စားသောက်ဆိုင်အရှေ့ပိုင်းတက္ကသိုလ်]တို့၏ မိခင် ဒေါ်နယ်လီဆံနီသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) ည ၁၁း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများ**
**အသင်း**

**ဒေါ်ခင်အေး**

**အသက်(၇၀)**

**လ/ထ မန်နေဂျာ(ငွေစာရင်း-ငြိမ်း)**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသင်းဝင်နံပါတ် (၀၉၃၀)**

မြောက်ဥက္ကလာပ၊ ဝေဘာဂီမြို့သစ်နေ ဒေါ်ခင်အေးသည် ၈-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဦးသန်းထွန်း(စမ်းချောင်း)**

**Ex: Bosun (Trade Wind Co.,Ltd)**

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးပေါ်-ဒေါ်တီး)တို့၏သား၊ [ဦးမြသန်း-ဒေါ်ရွှေ(ရွှေလျှပ်စစ်)]တို့၏သားသမက်၊ မော်လမြိုင်မြို့နေ ဦးသန်းနိုင်-ဒေါ်ကူဝေးတို့၏ညီ၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းဌေး၊ ဦးသန်းလွင်(ခ)ဦးလက်ပွားတို့၏အစ်ကို၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ နေကြာလမ်း၊ အမှတ် (၇၇၁)နေ ကိုဇေယျာလင်း၊ ကိုဇေယံဝင်း-မယုသဥ္ဇာဦး၊ ကိုသွန်းပြည့်စုံအောင်-မနဒီရှိုင်းမောင်တို့၏မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်စန်းစန်းဌေး၏ခင်ပွန်းသည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်အေးမူ**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၅၀)၊ (၅၁)နေ (ဦးကြင်မောင်-ဒေါ်ခင်တီ)တို့၏ ဒုတိယသမီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(ဈ/၅၇၆)၊ မေဓာဝီလမ်းနေ (ဦးမောင်ဟုတ်-ဒေါ်အေးကြင်)တို့၏ သမီးချွေးမ၊ ဒေါ်ကြင်ရီတို့၏ တူမ၊ ဦးစိုးဝင်း(ဝင်းစာရေးကိရိယာ၊ ယုဇနပလာဇာ)၏ဇနီး၊ ဦးသိန်းဝင်း-ဒေါ်ခင်မာလာတို့၏ ညီမ၊ ဒေါ်ခင်စောမူ၊ ဦးမျိုးထွန်း-ဒေါ်ဝင်းမြဟန်၊ ဦးချိုထွန်း-ဒေါ်ဝင်းဝင်းသိမ်းတို့၏အစ်မ၊ ဦးဖြိုးသုဝင်း-ဒေါ်မေသဲမောင်၊ ဒေါက်တာမျိုးဦးဇော်၊ မအိမြသွယ်ခင်၊ မအေးမြတ်သဥ္ဇာချို၊ မယမင်းဝင်းလဲ့ချိုတို့၏ အဒေါ်၊ မသဲသုသဒ္ဒါ၏အဘွား ဒေါ်ခင်အေးမူသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဥယျာဉ်လမ်းနေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တ လောကဓဇ**

**(မဟာသဒ္ဓမ္မ ဇောတိကဓဇ)**

**သိက္ခာတော်(၅၉)ဝါ၊ သက်တော်(၇၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ လောကရာမကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တလောကဓဇ (မဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်သည် (၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၅ ရက်)၊ ၁၁-၈-၂၀၁၈ (စနေနေ့) ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်)၊ ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ အန္တိမ အဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့် ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူ
တပည့် သံဃာများနှင့်
တပည့် ဒါယကာ/ဒါယိကာမများ

---

**ဦးမြင့်ဆွေ (စား/ထွေ-ငြိမ်း၊ ဝေါမြို့)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဦးစံဖေလမ်း၊ ခြံအမှတ်(၁၈)နေ (ဦးအောင်မင်း-ဒေါ်အုန်းခင်)တို့၏သား၊ (ဒေါ်ဝင်းလှ)၏ခင်ပွန်း၊ (ဦးဓမ္မပါလ)၊ ဦးသိန်းဇော်-ဒေါ်လှိုင်လှိုင်ဌေး၊ ဒေါ်အေးအေးသန့်၊ ဦးအောင်ချို-ဒေါ်အေးအေးခိုင်၊ ဦးကျော်မင်း-ဒေါ်မြတ်မြတ်မွန်၊ ဦးစိုင်းဇော်ဇော်ဝင်း-ဒေါ်သိမ့်သိမ့်ဆွေ၊ ဦးသန့်ဇင်၊ ဒေါ်ထူးထူးနိုင်၊ ဒေါ်ရတနာထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ရီရီ**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ငြိမ်း)**

**အသက် (၈၃) နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၃၀)နေ ဦးထွန်းရှင်(နိုင်ငံတော်တရားရုံးချုပ်၊ တရားသူကြီး-ငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ စ. စ. စ)၏ဇနီး၊ ဒေါ်လှမြတ်ဖြူ(အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)၏မိခင် ဒေါ်ရီရီသည် ၁၃-၈-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးကံထွန်း**

**(တောင်သူလယ်သမားအစည်းအရုံး၊ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်-ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သုဓမ္မာစာရီလမ်း၊ တိုက် (၄၄၈-၄၅၀)၊ အခန်း(၁၀၄)နေ (ဦးထွန်းလွင်(ခ)ဦးလူပု-ဒေါ်နှင်းဆွေ(ခ)ဒေါ်အမာ)တို့၏ သား၊ ဒေါ်တင်ရွှေ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မိုးမိုးရွှေ၊ ဒေါ်မိုးမိုးမေ၊ ဦးကျော်မိုး-ဒေါ်မိုးမိုးဌေး၊ ဦးအောင်ထွဋ်-ဒေါ်မိုးမိုးအေး၊ ဒေါ်မိုးမိုးသွယ်၊ ဒေါ်ခင်စိုးသက်၊ ဦးဉာဏ်ဝင်းထွန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကိုဇော်မင်းဟန် (ဖျာပုံမြို့)**

**အသက်(၃၆)နှစ်**

ဖျာပုံမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်လှတင်)၊ (ဦးကုလား-ဒေါ်နု)တို့၏ မြေး၊ အမှတ်(၂၄)၊ လေးလွှာ၊ ဒုတိယလမ်း၊ (၆)ရပ်ကွက်နေ ဦးအေးသန်း-ဒေါ်ချယ်ရီတို့၏သား၊ မပပအေးထွန်း၏မောင်၊ ကိုအာကာလင်း-မဝတ်ရည်အေးထွန်းတို့၏အစ်ကို၊ မထူးသစ္စာအောင်၊ မယွန်းဝတ်ရည်လင်း၊ မခင်ဖူးသစ်စတို့၏ ဦးလေးသည် ၁၂-၈-၂၀၁၈(တနင်္ဂနွေနေ့) ညနေ ၃း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်မေမေခိုင်(ခ)ဒေါ်တရုတ်မ**

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ရွှေဂုံတိုင်နေ (ဦးလှဖေ-ဒေါ်သိန်းတင်)တို့၏သမီး၊ ရင်းငြိမ်မြို့နေ (ဦးဖိုးချိန်-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ဦးထွန်းဝင်း(စက်မှု-၂)၏ချစ်လှစွာသောဇနီး၊ ဒဂုံတောင်၊ (၁၉) ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ် (၁၉၁/ခ)နေ (မသီတာဝင်း-ကိုခင်မောင်ဝင်း)၊ မနီလာဝင်း-ကိုအောင်ဇော်မျိုး၊ ကိုသီဟထွန်း(ရောင်နီထွန်း၊ II မိတ္တူကူးစက်ပြုပြင်ရောင်းဝယ်ရေး)-မသီတာဦး(တရားလွှတ်တော်ရှေ့နေ)တို့၏မိခင်၊ စိုးရန်နိုင်-အိမ့်သရဖူ၊ ဖွန့်ပွင့်ဖြူ၊ မိုးပွင့်ဖြူ၊ ငြိမ်းချမ်းဦး၊ သီဟငြိမ်းချမ်း၊ ဟန်သီငြိမ်းချမ်း၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၂၀နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် တောင်ဒဂုံ၊ ကျီစုသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်အေးမူ**

**အသက် (၆၁) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ်(၅၀)၊ (၅၁)နေ (ဦးကြင်မောင်-ဒေါ်ခင်တီ)တို့၏ဒုတိယသမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(ဈ/၅၇၆)၊ မေဓာဝီလမ်းနေ (ဦးမောင်ဟုတ်-ဒေါ်အေးကြင်)တို့၏သမီးချွေးမ၊ ဦးစိုးဝင်း (ဝင်းစာရေးကိရိယာ၊ ယုဇနပလာဇာ)၏ဇနီး၊ ဦးတင်မောင်မြင့်-ဒေါ်ရင်ရင်ကြည်တို့၏အစ်မ၊ Mr.Fang Xiang-မဆွေမာလာမြင့်တို့၏အဒေါ် ဒေါ်ခင်အေးမူသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဥယျာဉ်လမ်းနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့၌ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး ဩဂုတ် ၁၃**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) နောက်ဆုံးနေ့ကို မန္တလေးတက္ကသိုလ်၌ ဆက်လက်ကျင်းပရာ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ပွဲတော်နောက်ဆုံးနေ့တွင် စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ စာအုပ်ဈေးရောင်းပွဲတော်များ ခင်းကျင်းပြသခြင်း၊ လေးထပ်ဆောင်တွင် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပသည်။

လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများတွင် **လူငယ်ရေးရာမူဝါဒ၏အကျိုးသက်ရောက်မှုများ** ခေါင်းစဉ်ဖြင့် ကိုအောင်ဌေးမြင့်၊ ကိုလင်းသီဟ၊ ကိုမျိုးမြင့်ထွန်း၊ မမေစန္ဒာမိုး၊ ဒေါ်စမ်းစမ်းအေးနှင့် ဦးဝေလွင်ဦးတို့က လည်းကောင်း၊ **အနာဂတ်မြန်မာနိုင်ငံနှင့် လူငယ်များ၏ အခန်းကဏ္ဍ** ခေါင်းစဉ်ဖြင့် ကိုတေဇစန်း၊ မဝင်းနန္ဒာထွဋ်ခေါင်၊ မောင်သန်းမြတ်စိုး၊ မောင်ဒေးဗစ်၊ မောင်ထန်းအော်တို့က လည်းကောင်း၊ **အနုပညာလိုက်စား လူငယ်များ** ခေါင်းစဉ်ဖြင့် လူငယ်အဆိုတော် အောင်ထက်၊ စန္ဒရား ထက်လူဦးတို့က လည်းကောင်း ဆွေးနွေးကြရာ ဟောပြောပွဲသို့ လူငယ်များ ခန်းမပြည့်သည်အထိ စိတ်ဝင်တစား တက်ရောက်ပါဝင်ကြသည်။

ပွဲတော်နောက်ဆုံးနေ့ အားကစားဆိုင်ရာလှုပ်ရှားမှုများအဖြစ် စစ်ရေးပြကွင်း၌ လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်မှုစွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နောက်ဆုံးနေ့၌ ပွဲတော်လာရောက်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေပိုင်လှည့်ကင်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၃**

မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်ရင် ဦးစီးသည့် တပ်ဖွဲ့ဝင် ခြောက်ဦးသည် ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)က အမြန်သွားတိုက်ခိုက်ရေးရေယာဉ် နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ်မှ Major Shariful Islam ဦးစီး ၁၂ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်အလယ် နှစ်နိုင်ငံ နယ်နိမိတ်အနီးဆုံရပ်၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ ဦးရှည်ကျချောင်းဝအနီး ရေမိုင် ၁၁ သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဧရာဝတီ၊ သံလွင်၊ ဝေနှင့် တိုးမြစ်တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဝေနမြစ်ရေသည် သာပေါင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဇလွန်မြို့နယ်၊ ဘားအံမြို့နယ်၊ မအူပင်မြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။ **မိုး/ဇလ**

## မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

စာမျက်နှာ - ၁၄

